ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)



## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြား

## မှန်မြတ်သည့်လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်

နေပြည်တော် မတ် ၁၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

**ယနေ့**

**ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့၏ ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် ကျင်းပ**

စာမျက်နှာ » ၁၀

**ဖတ်စရာ**

**ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ**

ဆောင်းပါး စာမျက်နှာ » ၁၄

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ တတိယနေ့ ဆက်လက်ကျင်းပ**

**တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၈၁၂ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ**

စာမျက်နှာ » ၁၆

ကြေးမုံ

# နိုင်ငံတော်ကာကွယ်စောင့်ရှောက် အစဉ်အလာရှိသည့်တပ်မတော်

တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ပေါက်လာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ မြန်မာ့သမိုင်းကြောင်းတွင် အစဉ်အလာကောင်းများနှင့်အတူ ခိုင်မာစွာရပ်တည်နေသော ပြည်သူ့တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသော အမျိုးသားတပ်မတော်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်များကို အစဉ်ထာဝရတိုက်ဖျက်ချေမှုန်းခဲ့သော ရဲဝံ့စွန့်စားသည့်တပ်မတော်ဖြစ်သည်။ နိုင်ငံတကာတပ်မတော်များနှင့်တန်းတူ စွမ်းရည်မြှင့်တင်နေသော တပ်မတော်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်၌ တိုင်းပြည်နှင့်လူမျိုးအပေါ် အန္တရာယ်အသွယ်သွယ်ကျရောက်လာချိန်တိုင်း၊ နိုင်ငံ၏အချုပ်အခြာအာဏာကို ခြိမ်းခြောက်ထိပါးခံရသည့်အချိန်တိုင်းတွင် တပ်မတော်သည် ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်လျက်ရှိသော တပ်မတော်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချ မြင့်မားတိုးတက်လာရေးအတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ဝေဟင်၊ ရေပြင်ပိုင်နက်များနှင့် အမျိုးသားအကျိုးစီးပွားများကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များကို အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်လျက်ရှိသည်ကို ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သော အထောက်အထားများဖြင့် သက်သေပြလျက်ရှိသည်။

မျက်မှောက်ကာလတွင် ဖြစ်ပေါ်လျက်ရှိသည့် ခေတ်သစ်စစ်ပွဲများနှင့် ကမ္ဘာ့အရေးများကို လေ့လာကြည့်မည်ဆိုလျှင် နည်းပညာစွမ်းအား သာလွန်သူများက အသာစီးရနေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် လေကြောင်းနှင့် အာကာသစွမ်းအားများသည် အမျိုးသားအကျိုးစီးပွားများကို ဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်၊ ငယ်သည်ဖြစ်စေ မိမိနိုင်ငံ၏ လေကြောင်းစွမ်းအားကို တတ်နိုင်သမျှအမြင့်မားဆုံးဖြစ်အောင် အစဉ်ကြိုးပမ်းတည်ဆောက်နေကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မတ် ၁၂ ရက်ကပြုလုပ်သည့် တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့တက်ရောက်ပြီး "လေတပ်အင်အားတောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်များရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေကြောင်းစွမ်းအား ဟန်ချက်ညီ ဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့် အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ်ဖြည့်တင်းပေးလျက်ရှိကြောင်း"ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် တပ်မတော်(လေ)သည် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးများ၊ ပြည်ပကျူးကျော်မှု တွန်းလှန်ချေမှုန်းရေးစစ်ဆင်မှုများတွင် စွမ်းစွမ်းတမံအထောက်အကူပြုတိုက်ပွဲဝင်နိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ စသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြုလျက်ရှိသည်။ တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ၊ စစ်သည်နှင့် အမှုထမ်းတိုင်းသည် နိုင်ငံအကျိုးကိုလိုလားပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူသားအရင်းအမြစ်များဖြစ်သည်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ရဲရဲဝံ့ဝံ့ ကျေကျေပွန်ပွန် ထမ်းဆောင်လိုစိတ်ပြင်းပြသူများဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပြီး ခေတ်မီလေတပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်နှင့်လက်နက်စနစ်များ၊ လေကြောင်းစွမ်းအားအရင်းအမြစ်များကို စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုပြီး ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်များအား ကာကွယ်တိုက်ဖျက်ရေးအတွက် တပ်မတော်ကြီးကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိပါကြောင်း။ ။




## ငပုတောမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

ငပုတော မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ဝက်ဆူကျေးရွာအောင်သုခကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအားလုံးပူးပေါင်းပါဝင်ပေး၊ ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဆန်းဝင်းက ကောက်ရိုးမီးရှို့ခြင်း၏ ဆိုးကျိုးများအကြောင်းသိကောင်းစရာ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမင်းအောင်က မီးရှို့ခြင်း၏ဆိုးကျိုးများအကြောင်း သိကောင်းစရာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နုနုရီက မီးခိုးမြူငွေ့ ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များ စသည့် ခေါင်းစဉ်တို့ဖြင့် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသူများအား အသိပညာပေးနံရံကပ်စာစောင်များ ကြည့်ရှုလေ့လာခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၁၃ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၂,၅၀၀ | ၇၅၁ | ၉,၄၃၇,၅၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၁,၉၉၃ | ၁၂,၆၆၇,၀၀၀ |
| MCB | ၈,၆၀၀ | ၈,၆၀၀ | ၁၀ | ၈၆,၀၀၀ |
| FPB | ၃,၅၅၀ | ၃,၅၅၀ | ၈,၆၅၇ | ၃၀,၈၀၆,၇၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၈၆၈ | ၂,၉၀၇,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၀၁၁ | ၃,၄၆၉,၀၀၀ |
| AMATA | ၄,၀၀၀ | ၃,၉၅၀ | ၁,၁၇၈ | ၄,၆၇၇,၀၀၀ |
| MAEX | ၃,၆၀၀ | ၃,၆၀၀ | ၃၃၄ | ၁,၁၈၃,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၅၀ | ၂၁၀ | ၆၅၃,၀၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၃၂၆ | ၁၂,၆၆၄,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ကျေးဇူးတင်ချီးကျူးဂုဏ်ပြုစဉ်။

★ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများ၊ (ကြည်း၊ ရေ၊လေ)တပ်ဌာနချုပ်များအလိုက် ဌာနချုပ်မှူးများနှင့် စစ်ဆင်ရေးကွပ်ကဲရေးမှူးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ခေတ်မီတပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှု**

ထိုသို့ အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိအနေဖြင့် တပ်မတော်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ယခုအချိန်အထိ ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သည်များကို သုံးသပ်ဆွေးနွေးနိုင်ရန်နှင့် လိုအပ်သည်များကို မှာကြားနိုင်ရန်အတွက် ယခုကဲ့သို့တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းရမည့် အခြေအနေဖြစ်ကြောင်း။

မိမိအနေဖြင့် တပ်မတော်အကြီးအကဲများ၏ ယုံကြည်စွာဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခြင်းခံခဲ့ရပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို အကောင်းဆုံးဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်တွင် ယခင်က တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမသြဝါဒများ၊ မိမိဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကိုပေါင်းစပ်၍ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်တိုးတက်ရာ တိုးတက်ကြောင်းနှင့် ခေတ်မီတပ်မတော်ဖြစ်စေရေး အမြဲတမ်းအာရုံစိုက်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော် စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတကာမှ တပ်မတော်များနှင့် ဆက်ဆံမှုကောင်းမွန်ရေးတို့ကိုအကောင်းဆုံးဖြစ်အောင် မြှင့်တင်စွမ်းဆောင်ပေးခဲ့ကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် ပြည်ပရန် ကာကွယ်ရေးပင်ဖြစ်ပြီး နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများအရ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ဝင်ရောက်ထိန်းသိမ်းနေရခြင်းဖြစ်ကြောင်း၊ ယခင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အကြီးအကဲများသည်လည်း နိုင်ငံတော်နှင့် တပ်မတော် ကောင်းရာကောင်းကျိုးကို အစဉ်အဆက်အဆင့်ဆင့် လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိသည် မြန်မာ့တပ်မတော်၏ ရှစ်ဦးမြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ရှေ့ပိုင်းတွင် တာဝန်ယူသွားခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ကဲ့သို့ပင် တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

**စစ်ဦးစီးပိုင်းဆိုင်ရာမြှင့်တင် ဆောင်ရွက်ပေးခဲ့မှု**

ခေတ်အဆက်ဆက်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အနေဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေး၊ ပြည်ပကျူးကျော်မှုများကို တွန်းလှန်ကာကွယ်ရေး စသည်တို့ကို တပ်မတော်တွင် ရနိုင်သမျှသောအင်အားများဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းမှု၊ တရုတ်ကူမင်တန်ကျူးကျော်မှု စသည့် စစ်ဆင်ရေးကြီးများကိုလည်း စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း အရာရှိငယ်ဘဝ၊ အရာရှိကြီးဘဝတို့ဖြင့် တိုက်ခိုက်ရေးတပ်ရင်း၊ တပ်ဖွဲ့များတွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အချိန်ကာလများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင်မြင်အောင်ထမ်းဆောင်ခဲ့ကြောင်း။

တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ်တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်းတပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံး ဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တွင် လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ) အတွက်လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များ၊ ရဟတ်ယာဉ်များ ရရှိရေးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံး ဝန်ထမ်း တပ်ဖွဲ့ဝင်များတွင် လိုအပ်သည့် လက်နက်စနစ်များ အပြင် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ဖြည့်တင်းခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

မိမိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့ချိန်အတွင်း နိုင်ငံအတွင်းရှိ အမျိုးသမီးအင်အားထုကို အကျိုးရှိရှိအသုံးချနိုင်ရေး အမျိုးသမီးစစ်မှုထမ်းများကို ၂၀၁၄ ခုနှစ်က စ၍ခေါ်ယူအမှုထမ်းခွင့်ပြုခဲ့ကြောင်း၊ ယခင်က တပ်မတော်တွင် အမျိုးသမီးများကို ဆေးဝန်ထမ်းတပ်ဖွဲ့၌ ဆရာဝန်၊ သူနာပြုများအဖြစ်သာ ခန့်အပ်ခဲ့ရာမှ ဘွဲ့ရအမျိုးသမီးသင်တန်း၊ ကွန်ပျူတာ ဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်း၊ အမျိုးသမီးသူနာပြုသင်တန်းနှင့် တပ်သားသစ်သင်တန်းများကို ခေါ်ယူခဲ့ပြီး အမျိုးသမီးများ၏ လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အမျိုးသမီး (အရာရှိ/အခြားအဆင့်) ၅၀၀၀ ကျော်အနေဖြင့် အမျိုးသားများနှင့် တန်းတူ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထူးခြားမှုအနေဖြင့် အမျိုးသမီးလေသူရဲ၊ လေယာဉ်မှူးများကို မွေးထုတ်ပေးနိုင်ခဲ့သည်မှာလည်း မှတ်ကျောက်တင်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် ရှိသေခံ့ညားလောက်သည့် ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားကို ရရှိနိုင်ရေးအတွက် ၁၉၅၉ ခုနှစ်ကတည်းက ရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြင်ဆင်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အသက်သွင်းကာ အာဏာတည်စေခဲ့ပြီး အကောင်အထည်ဖော် ကျင့်သုံးခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို အသက်သွေးချွေးများ ပေးဆပ်၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်လျက်ရှိနေပြီဖြစ်ပြီး ၎င်းတို့၏ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မှုများကိုလည်း မိမိတို့အနေဖြင့် အသိအမှတ်ပြုရမည် ဖြစ်သကဲ့သို့ လိုအပ်သည့် ထောက်ပံ့မှုများနှင့် ရပိုင်ခွင့်များရရှိရေးအတွက်လည်း ဆက်လက်ဆောင်ရွက် ပေးသွားရန်လိုကြောင်း။

မိမိအနေဖြင့် တပ်မတော်ကို နိုင်ငံတကာအဆင့်မီ တပ်မတော်ဖြစ်ရေးအတွက် တည်ဆောက်ခဲ့ရာတွင် စစ်လက်နက်ပစ္စည်းများနှင့် စစ်အသုံးအဆောင်ပစ္စည်းများကို ကိုယ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ Standard Army ဖွဲ့စည်းတည်ဆောက်သည့် နေရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကို လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများ အပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်များ၊ ရဟတ်ယာဉ်များအား အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များ ရရှိရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့ကိုလည်း ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ပြီး စစ်ရေးပြအခမ်းအနားများနှင့် နိုင်ငံတော်အဆင့်ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများတွင် ခမ်းနားစွာဖြင့် ပါဝင်တာဝန် ထမ်းဆောင်လျက်ရှိကြောင်း။

**စစ်ရေးဆိုင်ရာမြှင့်တင် ဆောင်ရွက်ပေးခဲ့မှု**

တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်လည်း မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တပ်မတော်ပညာရေးကျောင်းများဖွင့်လှစ်ကာ ပညာရေးအားနည်းသည့် တပ်မတော်သားများကို အတန်းပညာမြင့်မားလာစေရေး တက်ရောက်သင်ကြားစေခဲ့ကြောင်း၊ တပ်မတော်ပညာရေး

**စာမျက်နှာ ၄ သို့** ★

❖ **နိုင်ငံတော်တွင် ရှိသေခံ့ညားလောက်သည့် ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားကို ရရှိနိုင်ရေးအတွက် ၁၉၅၉ ခုနှစ်ကတည်းက ရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြင်ဆင်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အသက်သွင်းကာ အာဏာတည်စေခဲ့ပြီး အကောင်အထည်ဖော်ကျင့်သုံးခဲ့**

❖ **ပြည်သူ့စစ်မှုထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်သွေးချွေးများ ပေးဆပ်၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်လျက်ရှိနေပြီ ဖြစ်ပြီး ၎င်းတို့၏ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မှုများကိုလည်း မိမိတို့အနေဖြင့် အသိအမှတ်ပြုရမည်ဖြစ်သကဲ့သို့ လိုအပ်သည့်ထောက်ပံ့မှုများနှင့် ရပိုင်ခွင့်များရရှိရေး အတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားရန်လို**

★ **စာမျက်နှာ ၃ မှ**

ကျောင်းများမှတစ်ဆင့် တာဝန်ထမ်းဆောင်ဆဲ စစ်သည်များအားလုံး အနည်းဆုံးအခြေခံပညာ မူလတန်းအဆင့်ကို အောင်မြင်ပြီးဆုံးသည်အထိ သင်ကြားတတ်မြောက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်သားများ၏ ပညာရည် မြှင့်တင်ရေးများကို ဆောင်ရွက်ပေးနိုင်ခဲ့ သကဲ့သို့ တပ်မတော်သားများ၊ အငြိမ်းစားတပ်မတော်သားများ၏ ပညာရည် မြင့်မားရေးကိုလည်း အလေးပေး မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၏ ပညာရည် မြှင့်တင်ရေးအတွက် ပညာသင်နှစ်အလိုက် လစဉ်ချီးမြှင့်ငွေများပေးအပ်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်း၊ ပညာသင်ဆုများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိအောင်မြင်ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သား သမီးများ၊ ဂုဏ်ထူးတစ်ဘာသာနှင့်အထက် စစ်သည်များ၊ လူရည်ချွန်ရရှိသူများ၊ ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီကာတွန်း (ပထမ၊ ဒုတိယနှင့် တတိယ) ရရှိသူများနှင့် အောင်ချက်အကောင်းဆုံး တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများအား နှစ်စဉ်ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း၊ ထိုသို့ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ဆုချီးမြှင့်ခဲ့မှုအရေအတွက်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ခြောက်ဘာသာ ၄၈၇ ဦး၊ ငါးဘာသာ ၉၆၂ ဦး၊ လေးဘာသာ ၁၅၀၈ ဦး၊ သုံးဘာသာ ၁၉၈၀၊ နှစ်ဘာသာ ၂၇၅၉ ဦးနှင့် တစ်ဘာသာ ၉၄၀၄ ဦး ဂုဏ်ထူးရ စုစုပေါင်း ၁၇၁၀၀ ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှစပြီး ၂၀၂၅ ခုနှစ်အထိ ဘက်စုံထူးချွန်ဆု ရရှိသူများ၊ ဂုဏ်ထူးငါးဘာသာ၊ခြောက်ဘာသာ ရရှိသူများ၊ အမှတ်အများဆုံး ရရှိကြသူများနှင့် အမှတ်အများဆုံးရရှိသည့် စစ်သည်များအား တပ်မတော်အထက်တန်းကျောင်း၊ ပညာရေး ကျောင်းများမှ ကျောင်းအုပ်ကြီး နှစ်ဦးတို့နှင့်အတူ နှစ်စဉ် ပြည်ပလေ့လာရေးခရီး စေလွှတ်ပေးခဲ့ပြီး ယခုအချိန်အထိ ကျောင်းသားကျောင်းသူ ၂၇၁ ဦးကို စေလွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် မသန်စွမ်းဖြစ်သွားသည့် တပ်မတော်သားများ၊ သေဆုံး၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများ၏ မိသားစုများနှင့် သက်ပြည့်အငြိမ်းစား တပ်မတော်သားများ ဘဝကောင်းမွန်စွာ ရပ်တည်နေထိုင်နိုင်ရေးအတွက်လည်း နယ်မြေဒေသအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အဆင့်မြင့်/တန်ဖိုးသင့် စစ်မှုထမ်းဟောင်းအိမ်ရာနေရာ ၂၁ နေရာရှိပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောက်လုပ်ပြီးအခန်း ၆၈၀၀ ကျော်၊ ဆောက်လုပ်ဆဲအခန်း ၄၀၀၀ ကျော်နှင့် နေရာချထားပေးရန် ဆောင်ရွက်ဆဲအခန်း ၈၇၀ ရှိကြောင်း။

တပ်မတော်သား များနှင့် တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တပ်မတော်ဆေးရုံများ အသစ်တိုးချဲ့ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ပြည်သူလူထုကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး အတွက်လည်း တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များ စေလွှတ်ကုသပေးခြင်း၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့ကို စေလွှတ်၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကိုသာမက ပြည်သူလူထု၏ အခြေခံ လိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကိုလည်း ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တပ်မတော်နယ်လှည့် ဆေးကုသရေး အဖွဲ့များအား ဒေသခံပြည်သူလူထု၏ လှိုက်လှိုက်လှဲလှဲကြိုဆိုမှု၊ ယုံကြည်အားကိုးခံရမှုများသည် တပ်မတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ပြည်သူက အားကိုးရသည့် တပ်မတော်အဖြစ် သက်သေပြနေခြင်းပင်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်နှင့်တပ်မတော်အတွက် ကိုယ်ကျိုးစွန့်ကာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များကိုလည်း မိမိအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များနှင့် လက်မှတ် ချီးမြှင့်ပေးအပ်ခဲ့ပြီး ထိုက်တန်သည့် ချီးမြှင့်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ချီးမြှင့်ပေးအပ်ခဲ့ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အရာရှိ၊ စစ်သည် ဦးရေစုစုပေါင်း ၁၁၀၀၀၀ ကျော်ကို ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း။

**စစ်ထောက်ဆိုင်ရာ**

တပ်မတော်သားများနှင့်မိသားစုဝင်များ အဆင်ပြေစွာဖြင့် နေထိုင်နိုင်ရေး နေအိမ်လိုင်းခန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ သကဲ့သို့ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနချုပ်များတွင်မိုးလုံလေလုံအားကစားရုံများနှင့် အဆင့်မီဘောလုံးကွင်းများကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ပတ်သက်၍ တပ်မတော်ကုန်စည်များကို အဆင်ပြေချောမွေ့စွာဖြင့် သယ်ဆောင်နိုင်ရန်နှင့် တပ်မတော်သားများနှင့် မိသားစုဝင်များ သွားလာမှုအဆင်ပြေစေရေးအတွက် တပ်မတော်ပိုင် မီးရထား စက်ခေါင်းများနှင့် မီးရထားတွဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တပ်မတော်မီးရထားစနစ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများ၏ ရိက္ခာစိုင်ငွေများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်အတွက် လိုအပ်သည့် မော်တော်ယာဉ်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များအားလုံးအတွက် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်မှုအလိုက် သက်ဆိုင်ရာ ယူနီဖောင်းများဝတ်ဆင်ရာတွင် အဆင့်မီသည့် ယူနီဖောင်းများ ဝတ်ဆင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများ၏ ဝတ်စားဆင်ယင်မှုများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေး တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါ ဝတ်စားဆင်ယင်မှုများ ပိုမိုတိုးတက်လာခဲ့သည်ကိုတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ တပ်မတော်သားရေစက်ရုံ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံတို့ကို အဆင့်မြှင့်တင်မှု ပြုလုပ်နိုင်ခဲ့ပြီး တပ်မတော်သားများ အတွက် လိုအပ်သော အရည်အသွေးကောင်းမွန်သည့် ရှူးဖိနပ်များ အပါအဝင်လိုအပ်သောအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အခမ်းအနားဝတ်စုံ ၂၆ စုံ၊ တိုက်ပွဲဝင် ဝတ်စုံ ၃၀၊ ဗိုလ်လောင်းဝတ်စုံ ၂၅ စုံ၊ လုပ်ငန်းခွင်ဝတ်စုံ ၂၈ စုံ အပါအဝင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တစ်ရပ်လုံးအတွက် ဝတ်စုံအသစ် ၁၉၃ စုံတို့ကို တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

> ☆ **ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် အင်အားတောင့်တင်းရန်လိုသကဲ့သို့ စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်ရန်လည်းလိုအပ်၊ ထို့ကြောင့် မိမိအနေဖြင့် ခြေလျင်တပ်ဖွဲ့များအပြင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့ကိုလည်း အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ခဲ့**
>
> ☆ **ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်နှင့်လျော်ညီသည့် ပူးပေါင်းလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်လို၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ပတ်သက်၍ အဆင့်အလိုက် သင်တန်းများကို တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အဆင့်မြင့်စာပေပါရဂူဘွဲ့များ ပေးအပ်နိုင်ရေးအတွက်လည်း တပ်မတော်စာပေဌာနများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့**

**တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့မှု**

ခေတ်မီ တပ်မတော် တည်ဆောက်ရာတွင် အင်အား တောင့်တင်းရန် လိုသကဲ့သို့ စွမ်းရည် ထက်မြက်သည့် တပ်မတော်ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ခြေလျင် တပ်ဖွဲ့များအပြင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့ကိုလည်း အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်(ရေ)နှင့် ပတ်သက်၍ မိမိတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ပြည်တွင်း၌ တည်ဆောက်ပြီး တပ်တော်ဝင်နိုင်သကဲ့သို့ ပြည်ပနိုင်ငံများမှ ဝယ်ယူဖြည့်တင်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ရေငုပ်သင်္ဘောစစ်ရေယာဉ် မင်းရဲသင်္ခယာနှင့် မင်းရဲကျော်ထင်တို့ကို တပ်တော်ဝင် အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်ပိုင် သင်္ဘောကျင်းမှ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်နိုင်သည့် ဒေသတွင်း တစ်ခုတည်းသော တပ်မတော်ဖြစ်ကြောင်း၊ မကြာမီက တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်(သာလွန်မင်း)သည် မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ပြည်တွင်း၌ တည်ဆောက်သည့် သင်္ဘောများတွင် အကြီးဆုံးဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်ရေယာဉ်များကို ပြည်တွင်း၌ပင် တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ရေပြင်ပိုင်နက်ကို ပိုမိုစိုးမိုး ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို အဆင့်မြှင့်တင်ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ဖြည့်တင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ရေကြောင်း အကျိုးစီးပွားများနှင့် ရေကြောင်းလုံခြုံရေးကို ပိုမိုစောင့်ကြည့် ကာကွယ်နိုင်ခဲ့ကြောင်း၊ ရေတပ်သားတစ်ဦးချင်း အနေဖြင့် နိုင်ငံတော်၏ ပိုင်နက် ပင်လယ်ပြင် လုံခြုံရေးနှင့် ရေကြောင်းအကျိုးစီးပွား ကာကွယ်ရေးတို့အတွက် မိမိတို့ကိုင်တွယ်အသုံးပြုနေရသည့် လက်နက်ပစ္စည်းများနှင့် စက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တပ်မတော်(လေ)နှင့် ပတ်သက်၍ မိမိတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း တပ်မတော်(လေ) အတွက် လိုအပ်သည့် လေယာဉ်/ရဟတ်ယာဉ်များကို ဖြည့်တင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပို့ဆောင်ရေး လေယာဉ်/ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေး လေယာဉ်/ ရဟတ်ယာဉ်များကိုနှစ်အလိုက်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုထပ်မံ ဖြည့်တင်းထားသည့် လေယာဉ်/ရဟတ်ယာဉ်များသည် နိုင်ငံတကာ(လေ)တပ်များ နည်းတူ စွမ်းဆောင်ရည်ရှိသည့် ခေတ်နှင့်လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များ ဖြစ်ကြောင်း၊ တပ်မတော်(လေ)မှ လေသူရဲများ အနေဖြင့်လည်း တစ်ဦးချင်း စွမ်းရည်များ ပြည့်ဝသည့် လေသူရဲများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး လူသားအရင်းအမြစ်သည် အရေးကြီးသည့်အတွက် လေသူရဲများ၊ စက်မှုလက်မှု စစ်သည်များ၊ အတတ်ပညာရှင်စစ်သည်များ၏ လေ့ကျင့်ရေး စွမ်းရည်မြှင့်တင်နိုင်ရေး လေယာဉ်အမျိုးအစားအလိုက် Simulator များဖြင့် အဆင့်မြှင့်တင်လေ့ကျင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်(လေ) အနေဖြင့် တိုးတက် ပိုင်ဆိုင်လာသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အသုံးပြုပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားမြင့်မားရေး၊ နိုင်ငံ့အကျိုးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့မှု**

တပ်မတော် တစ်ခုကို တည်ဆောက်ရာတွင် လေ့ကျင့်ရေးသည် မဖြစ်မနေအရေးကြီး လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ မည်မျှပင် အစွမ်းထက်သည့် လက်နက်များကို ပိုင်ဆိုင်ထားသည်ဖြစ်စေ ကိုင်တွယ်အသုံးပြုသွားမည့် အရာရှိ၊ စစ်သည်များ၏ စွမ်းရည်များ ပြည့်မီမှုမရှိပါက အသုံးဝင်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် ဆောင်ပုဒ်နှင့်အညီ စစ်သည် တစ်ဦးချင်း အနေဖြင့် လေ့လာမှတ်သားမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခြင်း၊ လေ့ကျင့်မှုများ အမြဲမပြတ် ဆောင်ရွက်ခြင်း၊ ရရှိထားသည့် လေ့လာထားမှု၊ လေ့ကျင့်ထားမှုတို့အပေါ် လက်တွေ့လိုက်နာ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် ထမ်းဆောင်ချိန်ကာလအတွင်း(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်နှင့်လျော်ညီသည့် ပူးပေါင်းလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့်ပတ်သက်၍ အဆင့်အလိုက် သင်တန်းများကို တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အဆင့်မြင့်စာပေပါရဂူဘွဲ့များ ပေးအပ်နိုင်ရေးအတွက်လည်း တပ်မတော်စာပေဌာနများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုကောင်းရှိရန်နှင့် စစ်စည်းကမ်းလိုက်နာမှုကောင်းရန်လည်းလိုအပ်မည် ဖြစ်ကြောင်း၊ အုပ်ချုပ်သူများ အနေဖြင့် ခေါင်းဆောင်ကောင်းစိတ်နှင့် ဖခင်သဖွယ် စိတ်ထားရှိ၍ ကွပ်ကဲအုပ်ချုပ်မှုကောင်းကို ဖော်ဆောင်သွားကြရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီ၏နေထိုင်စားသောက်မှု အဆင်ပြေစေရေးနှင့် ရပိုင်ခွင့်များအားလုံး ပြည့်ဝစွာရရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ကိုယ်ရေးကိုယ်တာ အခက်အခဲ၊ အကျပ်အတည်းများကိုလည်း မိမိတို့ တတ်စွမ်းသရွေ့ ဖြေရှင်း ဆောင်ရွက် ပေးသွားရန်လိုကြောင်း။ **စာမျက်နှာ ၅ သို့ »»**

»»» စာမျက်နှာ ၄ မှ
သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ သက်သာမှုရှိစေရေး ထောက်ပံ့ပေးသည့် ငွေကြေး၊ ပစ္စည်းအသုံးအဆောင်များ၊ အစားအသောက်များ ဖြည့်ဆည်းပေးခြင်း သာမကဘဲ လက်အောက်ငယ်သားများ၏ နေထိုင်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့၌ အဆင်ပြေမှုရှိအောင် ဆောင်ရွက်ပေးရန်လည်း ဖြစ်ကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုကာလနှင့် တတ်မြောက်ထားသည့် ပညာရပ်များအလိုက် အဆင့်တိုးမြှင့်ခြင်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လစဉ်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ စားဝတ်နေရေး ပိုမိုအဆင်ပြေစေရန်အတွက် လစဉ်ထောက်ပံကြေးငွေကျပ် ၃၀၀၀၀ ကို ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သုံးကြိမ်တိုင်တိုင် တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အတွက် တာဝန်ထမ်းဆောင်မှု အထူးထောက်ပံ့ကြေးအဖြစ် အမှုထမ်းသက်များအလိုက် အထူးထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်ထားရှိကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း သက်သာချောင်ချိရေးအတွက် အသုံးနှင့်အဖြုန်းကို သိရှိနားလည်ရန်လိုကြောင်း၊ အလားတူ အသောက်အစား အပျော်အပါးများကို ရှောင်ကြဉ်ခြင်းဖြင့်လည်း တစ်ဦးချင်း၏ ငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိတ်ဓာတ်ပိုင်း ဆိုင်ရာ တည်ဆောက်မှုနှင့် ပတ်သက်၍ တပ်မတော်သားများ အားလုံးအနေဖြင့် တိုင်းပြည်ချစ်စိတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်ကောင်းရန် လိုသကဲ့သို့ တပ်မတော်၏ ယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် အားကစားပွဲများကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိပြီး အားကစားပြိုင်ပွဲများမှ တစ်ဆင့် စိတ်ဓာတ်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတပ်ကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိတပ်ဖွဲ့ကိုချစ်မြတ်နိုးသည့်စိတ်၊ တပ်မတော်ကို ချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်နေသရွေ့ တပ်မတော်သည် အမြဲတည်ရှိနေမည် ဖြစ်ကြောင်း၊ တပ်မတော်သည် အမိ၊ တပ်မတော်သည်အဖ ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုအားများကို တည်ဆောက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကို ကာကွယ်မည်ဟူသည့် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့် မိမိတို့သဘောဆန္ဒ အလျောက် တပ်မတော်အတွင်း ဝင်ရောက်လာကြခြင်း ဖြစ်သည့်အတွက် အသက်ခန္ဓာပေးဆပ်ပြီး တာဝန်ထမ်းဆောင်နေမှုအပေါ် ဂုဏ်ယူကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်၍ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ချိန်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ ခရီးစဉ်ပေါင်း ၅၃ ကြိမ် သွားရောက်နိုင်ခဲ့ပြီး အဆိုပါခရီးစဉ်များမှတစ်ဆင့် ခေတ်မီ တပ်မတော် ထူထောင်ရေး လက်တွေ့ လေ့လာနိုင်ခဲ့ပြီး တပ်မတော် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံတော် အကြီးအကဲအဖြစ် တာဝန် ထမ်းဆောင်ချိန်တွင်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယခုအချိန်အထိ နိုင်ငံပေါင်း ခြောက်နိုင်ငံသို့ ခရီးစဉ်ပေါင်း ၁၂ ကြိမ်သွားရောက်ခဲ့ပြီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်မတော်မှ အရာရှိ၊ စစ်သည်များကိုလည်း နိုင်ငံတကာသို့ ပညာတော်သင်များ အဖြစ် စေလွှတ်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လေ့ကျင့်ခန်းများ စေလွှတ်ခြင်း၊ နိုင်ငံတကာ တပ်မတော်ဆိုင်ရာဆွေးနွေးပွဲများ စေလွှတ်ခြင်းနှင့် ချစ်ကြည်ရေး ခရီးစဉ် စုစုပေါင်း ၂၈၉၂ ကြိမ် စေလွှတ်နိုင်ခဲ့ပြီး အရာရှိ ၇၀၀၀ ကျော်နှင့် စစ်သည် ၇၀၀ ကျော် ကို စေလွှတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ တပ်မတော်များနှင့် ထိတွေ့ဆက်ဆံမှုများ တိုးတက်လာစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ တိုးတက်လာစေရေး စေလွှတ်ပေးခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံရေးအစိုးရများအနေဖြင့် ရွေးချယ်တင်မြှောက်ခံရသူများ ဖြစ်ပြီး သတ်မှတ်ကာလများ အလိုက် ပြောင်းလဲနေမည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် အစိုးရများကဲ့သို့ ပြောင်းလဲမည် မဟုတ်ဘဲ လက်ဆင့်ကမ်းတာဝန်များကို ပခုံးပြောင်းတာဝန် ထမ်းဆောင်ခြင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အားလုံးအနေဖြင့် နိုင်ငံတော်နှင့် ခေါင်းဆောင် အဆက်ဆက် အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သည့် **“မှန်မြတ်သည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်”**ကို ဆက်လက်မြှင့်တင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း လက်တွဲညီညီဖြင့် တပ်မတော်၏ ကောင်းရာကောင်းကျိုး၊ နိုင်ငံတော်၏ ကောင်းရာ ကောင်းကျိုးများအတွက် အတူတကွ ဆောင်ရွက်ခဲ့မှုများအပေါ် ကျေးဇူးတင်ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးငွေအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(တိုက်ကြီး)စာစစ်ဌာနသို့ သွားရောက်၍ တာဝန်ကျစာမေးပွဲ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာဆရာမများ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နေမှုများနှင့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(လှည်းကူး) စာစစ်ဌာနသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မိဘများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အာဆီယံနိုင်ငံများဆိုင်ရာ ရိုးရာအထည်ဒီဇိုင်းများ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးစီမံခန့်ခွဲမှုဆွေးနွေးပွဲ တက်ရောက်

**ရန်ကုန် မတ် ၁၃**

အာဆီယံနိုင်ငံများဆိုင်ရာ ရိုးရာအထည်ဒီဇိုင်းများ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး စီမံခန့်ခွဲမှုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းမပေါ်ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရိုးရာအထည်အလိပ်ဒီဇိုင်းများနှင့်ပတ်သက်သည့် စာတမ်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ရိုးရာအထည်ဒီဇိုင်းများ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးစီမံခန့်ခွဲမှုသည် ယနေ့ခေတ်အခြေအနေတွင် အထူးအရေးပါသော



အကြောင်းအရာတစ်ရပ်ဖြစ်ကြောင်း၊ အလျင်အမြန် တိုးတက်လာသောနည်းပညာခေတ်နှင့် စက်မှုထုတ်လုပ်မှုများတိုးတက်လာသည့် အချိန်တွင် ရိုးရာဒီဇိုင်းရေးဆွဲခြင်းနှင့် လက်ဖြင့်ရက်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းကျွမ်းကျင်မှုများ ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်များနှင့် ရင်ဆိုင်လျက်ရှိနေကြောင်း၊ ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ခြင်းမှာ အာဆီယံနိုင်ငံများ၏ အရေးပါသည့် မျက်နှာစုံညီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ကိုယ်စားပြုစာတမ်းများကို မျှဝေတင်ပြနိုင်ပြီး အကောင်းဆုံးအတွေ့အကြုံများကို ဖလှယ်ဆွေးနွေးနိုင်သည့်အပြင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကြုံတွေ့ရသောအခက်အခဲများကိုလည်း အတူတကွဆွေးနွေးအဖြေရှာနိုင်ကြမည်ဖြစ်ကြောင်း၊ ရက်ကန်းလုပ်ငန်းများသည် လူမှုအသိုင်းအဝိုင်းများအတွက် ဂုဏ်ယူစရာသာမက အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖြစ်လာစေရန်လည်း အထောက်အကူဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာတမ်းရှင်များက သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအထည်ဒီဇိုင်းများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းရေး၊ မြှင့်တင်ရေးစီမံခန့်ခွဲမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ထုတ်ကုန်များ အရည်အသွေးပြည့်မီစွာ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

မြန်မာ့ မျက်နှာစာသစ်ဖိုရမ် (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) Forum on The Dawn of A New State (Trust , Stability & Development) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC–1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို မြန်မာ့မျက်နှာစာသစ်ဖိုရမ် ဂုဏ်ပြုတေးသီချင်း "မြန်မာ့မျက်နှာစာသစ်" သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် "တည်ငြိမ်မှု၊ ယုံကြည်မှုမှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့" Video Clip အား ကြည့်ရှုကြသည်။

ထို့နောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိုရမ်တွင်ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာပညာရှင်များအား မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကျင်းပခြင်း အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်စဉ်။

ရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ **(အမှာစကားအပြည့်အစုံကို စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်)**

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာဖြင့် စစ်မှန်သည့်ရွေးကောက်ပွဲ၊ သန့်ရှင်းသည့်ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ပြည်သူများအနေဖြင့် တက်ကြွစွာဖြင့် မဲပေးခဲ့ကြကာ စစ်မှန်သည့်မဲရလဒ်များဖြင့် ပေါ်ထွက်လာသည့် ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ပြည်သူကိုစစ်မှန်စွာကိုယ်စားပြုသူများဖြစ်၍ မိမိအနေဖြင့် ဝမ်းမြောက်ကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို စီးပွားရေးအရ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဟူသည့် စကားနှင့်အညီ ပြည်သူလူထုအားလုံး၏ လူမှုစီးပွားဘဝများ အဆင်ပြေအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

ကမ္ဘာပေါ်တွင် အုပ်ချုပ်မှုစနစ်အမျိုးမျိုးရှိပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံကျင့်သုံးမှုများကွဲပြားကြသည်ကို တွေ့ရကြောင်း၊ ပါတီစုံစနစ် ကျင့်သုံးသည့်နိုင်ငံများ၊ တစ်ပါတီတည်းကသာ ဦးဆောင်ဆောင်ရွက်သည့်နိုင်ငံများ၊ အင်အားကြီးနှစ်ပါတီက ဦးဆောင် ဆောင်ရွက်သည့်နိုင်ငံများ စသည်ဖြင့်ကျင့်သုံးမှုအမျိုးမျိုးကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်သူများကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် လူပုဂ္ဂိုလ်၊ လူမျိုးစုအပေါ် အခြေခံခြင်း မဟုတ်ဘဲ နေရာဒေသကို အခြေခံ၍ ကျင့်သုံးခြင်းဖြစ်သည်ကို သတိချပ်ကြစေလိုကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏အနာဂတ်ကို ပုံဖော်ရာတွင်၂၀၂၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များအပေါ်တွင် အခြေခံပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မဖြစ်မနေ အလေးထားလုပ်ဆောင်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေး အတတ်ပညာများ လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးအသိပညာများတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ တိုးတက်လာစေရေးအတွက်လည်း အခြေခံပညာအထက်တန်းတက်ရောက်နေကြသည့် ကျောင်းသားကျောင်းသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အသိပညာများကိုသင်ကြားပေးလျက်ရှိသကဲ့သို့ လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်မှ စတင်၍ သင်ကြားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာကြည့်မည်ဆိုပါက စာပေအတတ်ပညာဆိုင်ရာများ၊ အနုသုခုမပညာရပ်များ၊ လူနေမှုစနစ်များအနေဖြင့် အဆင့်အတန်းမြင့်မားခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် စစ်မက်များဖြစ်ပွားခြင်း၊ ပြည်ပကျူးကျော်စစ်များ

**စာမျက်နှာ ၇ သို့** ✪






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ "ရောင်နီသစ်ပြီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❂ စာမျက်နှာ ၆ မှ

ဖြစ်ပွားခြင်း၊ အချင်းချင်း မသင့်မြတ်မှုများ ဖြစ်ပွားမှုကြောင့် စစ်ပွဲဖြစ်ပွားခြင်းများကြောင့် မိမိတို့၏ ရှေးယခင်ကတတ်မြောက်ခဲ့သည့် အသိပညာ၊ အတတ်ပညာများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်မှု အားနည်းခဲ့ကြသည်ကိုတွေ့ရကြောင်း၊ အလားတူ လွတ်လပ်ရေးဆုံးရှုံးပြီး ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ချိန်တွင်လည်း မိမိတို့နိုင်ငံ၏ ပညာရေးနိမ့်ပါးအောင်ဆောင်ရွက်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ပြားခဲ့ရပြီး ပညာသင်ကြားမှုများ ထိခိုက်ခဲ့ရကြောင်း။

အတန်းပညာရှိမှသာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါကြွယ်ဝလာမည်ဖြစ်သဖြင့် ပညာရည်မြှင့်တင်ရေးကို မိမိတို့အနေဖြင့် မဖြစ်မနေဆက်လက်ဆောင်ရွက်သွားကြရမည်ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတိချပ်ကြစေလိုကြောင်း၊ ယေဘုယျအားဖြင့်ဝေးလံခေါင်ပါးသည့်ဒေသများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားလျက်ရှိသည့် ဒေသများတွင် ပညာရေးအားနည်းကြသည်ကို တွေ့ရကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားလျက်ရှိသည့် ဒေသများရှိ ပညာရေးကို လေ့လာကြည့်ပါက တစ်ဦးချင်းပညာရေးအားနည်းမှုကြောင့် စဉ်းစားတွေးခေါ်မှုများအားနည်းပြီး ပဋိပက္ခများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့မှုကြောင့် ယခုကဲ့သို့သောအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပချိန်တွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲတစ်ခုအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ အဆိုပါသန့်ရှင်းသည့် ဆန္ဒမဲများဖြင့် ထွက်ပေါ်လာသည့် ရွေးကောက်ခံကိုယ်စားလှယ်များ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ကို မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူဖွံ့ဖြိုးတိုးတက်နေသည့်ခေတ်နှင့်အညီ နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ကိုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စက်မှုကုန်ကြမ်းသီးနှံများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထိုအထဲတွင် ဝါသီးနှံကိုစိုက်ပျိုးခြင်းဖြင့် ဝါမှ ဝါဂွမ်း၊ ချည်နှင့် အထည်အလိပ်များကို ထုတ်လုပ်နိုင်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုစေနိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ သစ်တောထွက် သယံဇာတများတွင် ပေါကြွယ်ဝစွာရှိပြီးဖြစ်သည့် ဝါးများကို အသုံးပြု၍လည်း ဝါးပျော့ဖတ်နှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များကို စက်မှုကုန်ထုတ်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့မျက်နှာစာသစ်ဖိုရမ် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

> ❖ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသူများ အားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်လို၊ အလားတူ သုံးစွဲမှုများ ဆောင်ရွက်ရာတွင် အသုံးနှင့် အဖြုန်းကိုနားလည်ပြီး တစ်ဦးချင်းမှအစ ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ ငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်**
>
> ❖ **နိုင်ငံ့အနာဂတ်တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လူငယ်များနှင့် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍကိုလည်း မိမိအနေဖြင့် အလေးထားအသိအမှတ်ပြု၊ ယခုမြန်မာ့မျက်နှာစာသစ်ဖိုရမ် (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု)သည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အရေးပါသည့် ဆွေးနွေးပွဲ၊ အဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲဖြစ်သဖြင့် အားလုံးက အလေးထားဆွေးနွေးဆောင်ရွက်**

အလားတူမိမိတို့နိုင်ငံတွင်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း စားသောက်ကုန်များကိုသာမက အခြားပြည်တွင်းသုံးပြည်ပအစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များတင်ပို့ခြင်းကြောင့် နိုင်ငံခြားငွေများရရှိမှသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသူများ အားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း၊ အလားတူသုံးစွဲမှုများဆောင်ရွက်ရာတွင် အသုံးနှင့်အဖြုန်းကိုနားလည်ပြီး တစ်ဦးချင်းမှအစ ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ ငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်သူများ ဖြစ်ကြရန်လိုကြောင်း၊ နိုင်ငံ့အနာဂတ်တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လူငယ်များနှင့် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍကိုလည်း မိမိအနေဖြင့် အလေးထားအသိအမှတ်ပြုပါကြောင်း၊ ယခုမြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) သည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အရေးပါသည့် ဆွေးနွေးပွဲ၊ အဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲဖြစ်သဖြင့် အားလုံးက အလေးထား ဆွေးနွေး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖိုရမ်တွင် ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာပညာရှင်များအား မြန်မာ့မျက်နှာစာသစ်ဖိုရမ် ကျင်းပခြင်း အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မြန်မာ့မျက်နှာစာသစ်ဖိုရမ်တွင်ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာပညာရှင်များက နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် အနုပညာရှင်များက "ရောင်နီသစ်ပြီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့မျက်နှာစာသစ်ဖိုရမ် အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာ့မျက်နှာစာသစ်ဖိုရမ် (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) Forum on The Dawn of A New State (Trust , Stability & Development) ကို ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး မတ် ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်တော်တို့အနေနဲ့ စီးပွားရေးနဲ့အတူ လူမှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆက်စပ်ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုနဲ့ လူမှုသဟဇာတဖြစ်မှုတွေကို ပိုမိုမြှင့်တင်ဆောင်ရွက်

## မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့်အမှာစကား

**အားလုံးမင်္ဂလာပါ။**

ယနေ့ကျင်းပတဲ့ “မြန်မာ့မျက်နှာစာသစ်ဖိုရမ်”ကို တက်ရောက်လာကြတဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ဆွေးနွေးပွဲဟာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများမှာ အမြင်ကျယ်ကျယ်နဲ့ ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ကြိုတင်သိမြင်နိုင်စေဖို့၊ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်/သွင်းကုန်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍတွေမှာ ဥပဒေများရေးဆွဲကြတဲ့အခါ ချဉ်းကပ်ဆောင်ရွက်ရမယ့် နည်းလမ်းများနဲ့ ထိရောက်တဲ့ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းနိုင်စေဖို့၊ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်တဲ့ အချက်အလက်တွေ၊ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့အချက်အလက်တွေကို သိရှိနိုင်စေဖို့၊ နိုင်ငံတော်အစိုးရသစ်လုပ်ငန်းများဆောင်ရွက်ရာမှာ အဆင်ပြေ ချောမွေ့စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်နိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်(၄)ရပ်နဲ့ ကျင်းပတယ်လို့ သိရပါတယ်။

တကယ်တော့ ဒီဖိုရမ်ကို **“နိုင်ငံ့မျက်နှာစာသစ်”** လို့ အမည်တပ်ထားပေမယ့် နိုင်ငံရဲ့ရုပ်ပိုင်းဆိုင်ရာမျက်နှာစာသစ်တစ်ခုတည်းကို ဆိုလိုတာမဟုတ်ဘဲ စိတ်သစ်၊ လူသစ်၊ အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်၊ လုပ်နည်းလုပ်ဟန်သစ်၊ Vision အသစ်၊ Mission အသစ်တို့ကိုပါ ထည့်သွင်းညွှန်းဆိုရည်ရွယ်တာဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံရဲ့ လွတ်လပ်ရေးကြေညာစာတမ်းကို ပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာ လွတ်လပ်ရေးကို လေးစားမြတ်နိုးတန်ဖိုးထားထိန်းသိမ်းသူတွေ၊ ငြိမ်းချမ်းရေးကို အလေးထားသူတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူတွေဖြစ်တယ်ဆိုတာ တွေ့ကြရမှာ ဖြစ်ပါတယ်။

**“ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီးရဲ့ သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်။ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သောကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်ပါမည်။ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံးတစ်ယောက်မကျန် ကြားသိစေသတည်း”** လို့ ရေးသားကြေညာခဲ့တာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။

အဲဒီ လွတ်လပ်ရေးကြေညာစာတမ်းဟာ မျက်မှောက်ခေတ် နိုင်ငံသားတွေအတွက်သာမက နောင်မျိုးဆက်သစ် နိုင်ငံသားများကပါ လေးစားလိုက်နာပြုကျင့်ကြရမယ့် သမိုင်းပေးတာဝန်တွေဖြစ်တယ်ဆိုတာ အထင်အရှားတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ လွတ်လပ်ရေးရရှိခဲ့တာ နှစ်ပေါင်း ၈၀ ကျော်ရှိခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကျွန်တော်တို့အားလုံးက လေးစားမြတ်နိုးတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းနေကြရဆဲ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေရဆဲဖြစ်တာ အားလုံးအသိပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ**

နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်တဲ့အခါ အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်းဆိုတဲ့ အစွန်းတရား နှစ်ပါးကို ရှောင်ရှားပြီး ပကတိအခြေအနေ၊ ပကတိအမြင်များနဲ့သာ ရှုမြင်သုံးသပ်ပြောဆိုကြရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာ့နိုင်ငံရေးလမ်းကြောင်းဟာ လှိုင်းလေထန်ခဲ့တယ်လို့ ပြောဆိုသူတွေရှိကြသလို နာတာရှည်ခရီးကြမ်းကြီးပါလို့ ပြောဆိုကြသူတွေလည်း ရှိကြပါတယ်။ ၁၉၄၈ ခုနှစ် နောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဟာ အကောင်းအဆိုးတို့ ရောပြွမ်းဖြစ်တည်နေခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ သက်ဆိုးအရှည်ဆုံးနိုင်ငံလို့တောင် ပြောစမှတ်ပြုခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီး နှစ်လအကြာကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ ကြီးစိုးလာခဲ့တာဟာ ယနေ့အချိန်ထိ ချုပ်ငြိမ်းပျောက်ကွယ်မှု မရှိနိုင်သေးတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပျောက်ကွယ်မှုမရှိသေးတာဟာ အချို့သောလက်နက်ကိုင်တပ်ဖွဲ့များရဲ့ ကိုယ်ကျိုးစီးပွားအခြေခံတဲ့ လက်နက်ကိုင်လမ်းစဉ်တွေကြောင့်လို့ ဆိုနိုင်သလို အမျိုးသားနိုင်ငံရေးအပေါ် ခံယူကျင့်သုံးခဲ့မှု အားနည်းခဲ့တာကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ လွဲမှားကြတာကြောင့်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

အမျိုးသားရေးမူဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက် အရေးကြီးတယ်ဆိုတာကို နိုင်ငံသားအားလုံး သတိပြုကြဖို့ လိုအပ်ပါတယ်။ ဘယ်နိုင်ငံရဲ့ အမျိုးသားရေးဝါဒကိုပဲကြည့်ကြည့် မိမိတို့ဖြတ်သန်းခဲ့ရတဲ့သမိုင်းကြောင်းနဲ့ သီးခြားခွဲထွက်မနေဘဲ ဆက်စပ်နေတယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးဝါဒ၊ အမျိုးသားနိုင်ငံရေးဆိုတာကတော့ ကျွန်တော်တို့အမြဲတမ်းပြောနေတဲ့ ဒို့တာဝန်အရေးသုံးပါးပဲလို့ ပြောကြားလိုပါတယ်။

တကယ်တော့ စစ်ပွဲတိုင်း ဒါမှမဟုတ် လက်နက်ကိုင်ပဋိပက္ခတိုင်းဟာ နိုင်ငံရေးနဲ့ ကင်းလွတ်တာမဟုတ်တဲ့အတွက် နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းအဖြေရှာကြရမှာဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေးအရ လွတ်လပ်မှုတွေ ရှိနေပါပြီ။ ယခင်က မပြောနိုင်တဲ့ ကိစ္စတွေ၊ မပြောရဲတဲ့ကိစ္စတွေကို ပြောရဲဆိုရဲ ပြောနိုင်ဆိုနိုင် ရှိလာကြပြီဖြစ်ပါတယ်။ ယခင်က မမျှော်လင့်ရဲတာတွေ မျှော်လင့်နိုင်သလို ယခင်က မမက်ရဲခဲ့တဲ့အိပ်မက်တွေကိုတောင် မက်ခွင့်ရနေပါပြီ။ တစ်နည်းအားဖြင့် ပြောရရင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး မျက်နှာမူရာဖြစ်နေတဲ့ ဒီမိုကရေစီစနစ်ကို စနစ်တကျပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံရေးအသစ်၊ ယဉ်ကျေးမှုအသစ်တွေကို ပြောင်းလဲပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ဟာ နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီစနစ်ကို စတင်အသက်သွင်းနိုင်ခဲ့သလို ယခုတစ်ဖန်အရေးကြီးတဲ့ နိုင်ငံရေးအလှည့်အပြောင်းကြီးတစ်ခုကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပြီဆိုတာကိုလည်း ကျွန်တော် အလေးအနက်ပြောကြားလိုပါတယ်။

ယခုလို ရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းမှုတွေကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အားလုံး ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးစားခဲ့ကြပေမယ့် လုံးဝအဆုံးသတ်အောင်မြင်တဲ့အထိ မဆောင်ရွက်နိုင်သေးဘဲ ပြည်တွင်းပြည်ပ သွေးထိုးနှောင့်ယှက်မှုတွေကြောင့် နှောင့်နှေးကြန့်ကြာမှုတွေရှိနေသေးတာ ကျွန်တော်တို့အားလုံး အသိပဲဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေး တစ်ခုကိုသာမက လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ကိုပါဖြေရှင်းနိုင်အောင် ကြိုးစားရမှာဖြစ်တဲ့ အတွက် နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းပေးကြရမှာဖြစ်ကြောင်း ထပ်မံအသိပေးပြောကြားလိုပါတယ်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စာနာမှုတွေ မွေးမြူပြီး အနာဂတ်နိုင်ငံတော်နဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် **“အမျိုးသားစည်းလုံးညီညွတ်ရေး”** လမ်းကြောင်းပေါ် အတူတကွလျှောက်လှမ်းကြဖို့ အစဉ်အမြဲဖိတ်ခေါ်ကမ်းလှမ်းခဲ့သလို ယခုလည်း ဆက်လက်ပြီးတော့ ဖိတ်ခေါ်ကြောင်း ပြောကြားလိုပါတယ်။

> **“ယခုလိုရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းမှုတွေကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အားလုံး ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးစားခဲ့ကြပေမယ့် လုံးဝအဆုံးသတ်အောင်မြင်တဲ့အထိ မဆောင်ရွက်နိုင်သေးဘဲ ပြည်တွင်းပြည်ပ သွေးထိုးနှောင့်ယှက်မှုတွေကြောင့် နှောင့်နှေးကြန့်ကြာမှုတွေရှိနေသေးတာ ကျွန်တော်တို့အားလုံးအသိပဲဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုကိုသာမက လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဇာစ်မြစ်ကိုပါ ဖြေရှင်းနိုင်အောင် ကြိုးစားရမှာဖြစ်တဲ့အတွက် နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းပေးကြရမှာဖြစ်ကြောင်း ထပ်မံအသိပေးပြောကြားလိုပါတယ်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စာနာမှုတွေ မွေးမြူပြီး အနာဂတ်နိုင်ငံတော်နဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် “အမျိုးသားစည်းလုံးညီညွတ်ရေး” လမ်းကြောင်းပေါ် အတူတကွလျှောက်လှမ်းကြဖို့ အစဉ်အမြဲဖိတ်ခေါ်ကမ်းလှမ်းခဲ့သလို ယခုလည်း ဆက်လက်ပြီးတော့ ဖိတ်ခေါ်ကြောင်း ပြောကြားလို”**

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံဟာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံများတည်ရှိမှုတို့ပဲ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်အနေနဲ့ ၂၀၁၂ ခုနှစ်ကတည်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရေး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွပေါင်းစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ကျွန်တော်တို့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းဆောင်ရွက်နိုင်ခဲ့ပေမယ့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ အားနည်းခဲ့မှု၊ အဖွဲ့အစည်းအသီးသီးရဲ့ အတိတ်ဖြစ်ရပ်တွေအပေါ် မကျေနပ်ချက်တွေ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်လာမှု၊ ပါတီစွဲပုဂ္ဂိုလ်စွဲများကို ရှေ့တန်းတင်ပြီး နိုင်ငံ့အကျိုးကို လျစ်လျူရှုမှုတွေကြောင့် တည်ငြိမ်အေးချမ်းမှုတွေ အားနည်းခဲ့ရပါတယ်။ ဒီအားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး အေးချမ်းတည်ငြိမ်တဲ့ လူမှုပတ်ဝန်းကျင်တွေ ဖြစ်ပေါ်လာအောင် တည်ဆောက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

တရားဥပဒေစိုးမိုးမှုရှိမှသာ တရားမျှတမှုနဲ့ လူမှုဝန်းကျင်တည်ငြိမ်မှုရှိမှာဖြစ်သလို တရားဥပဒေစိုးမိုးမှုဟာ ဖွံ့ဖြိုးရေးရဲ့အခြေခံအုတ်မြစ်လည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေးကို တစ်ဖက်က ဆောင်ရွက်ပေးရမှာဖြစ်သလို အခြားတစ်ဖက်ကလည်း ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေးအတွက် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှု (Reform) ကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ကြမှသာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အရည်အသွေးမြင့်တက်လာမှာဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ✧

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ကောင်းမွန်သည့် ဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းမှုအတွက် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘောပံ့ပိုးသွားမည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင် လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၆/၂၀၂၅-၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၆/၂၀၂၅-၂၀၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အထိ အမှုတွဲပေါင်း ၁၇၁၅ စောင်ကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်ကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်အရ ညွှန်ကြားချက်ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကျင်းပခဲ့သည့် အစည်းအဝေးများတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သည့် ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်တပ်ဆင်ခြင်း လုပ်ငန်းများအတွက် SOP ရေးဆွဲနိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းဆွေးနွေးခြင်း၊ စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ (Equipment Management Procedure) အား ဆွေးနွေးခြင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခု (၆/၂၀၂၅-၂၀၂၆) ဆဋ္ဌမအကြိမ်အစည်းအဝေးတွင် အမှုတွဲ (၁၀)စောင်ကို အတည်ပြုဆွေးနွေးရန်ဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)စာရင်းကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ အတည်ပြုနိုင်ရန် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာန/အဖွဲ့အစည်းများက တင်ပြသည့် ရန်ပုံငွေလွှဲပြောင်းအမှုတွဲ (၁၀) စောင်ကို သက်ဆိုင်ရာကော်မတီဝင်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များကလည်းကောင်း၊ ငလျင်အပါအဝင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင်တပ်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံပြုလုပ်ငန်းစဉ် အဆင့်ဆင့်(SOP) ကို အတည်ပြုနိုင်ရေးအတွက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့၏ ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် ကျင်းပ

မန္တလေး မတ် ၁၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် (The Second Myanmar–China Cultural Exchange Academic Forum) ကို မတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးမြို့ အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ယူနန်တက္ကသိုလ် မြန်မာရေးရာသုတေသန ဌာနမှူး Mr. Kong Peng, FITC မှ ဥက္ကဋ္ဌ အိုက်စန်းနှင့် ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဒေါက်တာ စက်တီ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်းတို့က ဖိုရမ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သုတေသနပိုစတာများနှင့် ဘာသာရပ်ဌာနများ၏ ပညာရေးအထောက်အကူပြု Table Show ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက အမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။ ဆက်လက်၍ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က နှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ယူနန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ကိုယ်စား ယူနန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ဘာသာဌာနမှ တွဲဖက်ပါမောက္ခ Zhang Lei က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့၏ တက္ကသိုလ်အလံများကို အမှတ်တရလဲလှယ်ကြသည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ်တွင် ယူနန်တက္ကသိုလ်မှ သုတေသနစာတမ်း ငါးစောင်၊ မန္တလေးတက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင်၊ ရတနာပုံတက္ကသိုလ်မှ သုတေသနစာတမ်း ကိုးစောင်၊ မန္တလေးအဝေးသင်တက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင်၊ ကျောက်ဆည်တက္ကသိုလ်မှ သုတေသနစာတမ်း တစ်စောင်နှင့် မန္တလာတက္ကသိုလ်မှ သုတေသနစာတမ်း နှစ်စောင် စုစုပေါင်း ပညာရေးသုတေသနစာတမ်း ၂၁ စောင်ကို တင်သွင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နေပြည်တော်၌ မြန်မာ့မျက်နှာစာသစ်ဖိုရမ် ပထမနေ့ ကျင်းပ

## ဆွေးနွေးပွဲ(ပထမပိုင်း)အဖြစ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် မတ် ၁၃**

“မြန်မာ့မျက်နှာစာသစ်ဖိုရမ်” (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု) “FORUM ON THE DAWN OF A NEW STATE”(Trust, stability & Development) ပထမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC I)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် ယနေ့ဖိုရမ်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ စားရေရိက္ခာဖူလုံရေးနှင့် ရေရှည်ပူးပေါင်းမှု၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို မည်သို့ဖော်ဆောင်ကြမည်ဆိုသည့်အတွေးအမြင်သစ်များ ရရှိကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာစီးပွားမှ စက်မှုစီးပွားရေးဆီ ကူးပြောင်းမှု၊ အခြေခံအဆောက်အအုံနှင့် စွမ်းအင်ကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှု၊ လူ့စွမ်းအားအရင်းအမြစ် ပြုပြင်ပြောင်းလဲရေးစသည့် ဆွေးနွေးချက်များကိုလည်း ရရှိကြမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ စိန်ခေါ်မှုများပြားသည့် ကမ္ဘာ့အခြေအနေတွင် မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို သေချာဆန်းစစ်ပြီး ရေရှည်တည်တံ့မည့် လမ်းပြမြေပုံများ ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ ပညာရှင်များ၏ အကြံပြုချက်များသည် လက်တွေ့အသုံးချ၍ရသည့် ဗဟုသုတများဖြစ်သည့်အတွက် အလေးထားမှတ်သား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် လယ်ယာကဏ္ဍမှ စက်မှုကဏ္ဍကို ကူးပြောင်းသည့်အခါ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို မဖြစ်မနေ အသုံးချရမည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးသည် ကမ္ဘာ့စံနှုန်းဖြစ်လာသကဲ့သို့ မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှု ကွင်းဆက်ကိုလည်း ပိုမိုမြန်ဆန်သွက်လက်စေမည်ဖြစ်ပါကြောင်း၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် စက်မှုကဏ္ဍအတွက် အသက်သွေးကြော ဖြစ်ပါကြောင်း။

နှစ်ရက်တာကျင်းပမည့် မြန်မာ့မျက်နှာစာသစ်ဖိုရမ်မှ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် သဘောတရားရေးသာမက လက်တွေ့ကျသည့် သဘောထားအမြင်များ၊ အကြံပြုချက်များ၊ ထောက်ပြချက်များ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ ပညာရှင်များ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၅၇ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၆၃ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးအတွက် MRTV DTH အစုံ ၃၀၀၊ MRTV DVB T2 Set Top Box ၂၈၆ လုံး၊ Cannal+ DTH အစုံ ၃၀၀ နှင့် Cannal + T2 Set Top Box ၂၈၆ လုံးတို့ကို ပေးအပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူသည်။

ဆွေးနွေးပွဲ(ပထမပိုင်း)အဖြစ် **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့်** ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နိုင်ငံတကာ ပညာရှင်များဖြစ်သည့် Yunnan Academy of Social Sciences မှ Professor Mr. Lei Zhuning၊ Jawaharlal Nehru University မှ Senior Professor Mr. Mahendra P. Lama၊ Chiang Mai University မှ Distinguished Economist and Academic Leader Dr. Nisit Panthamit နှင့် Representative of Dale Carnegie & Associates Mr. Luc De Waegh တို့က ပါဝင်ဆွေးနွေးကြသည်။



မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

သဘာပတိ ဒေါက်တာဇော်ဦးက နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှု အခွင့်အလမ်းများ၊ သမားရိုးကျမဟုတ်သည့် စီးပွားရေးဆိုင်ရာအခြေအနေများကို ကိုင်တွယ်ဆောင်ရွက်မှုများ၊ တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို မူဝါဒများချမှတ်၍ တရားဝင်လမ်းကြောင်းပေါ်သို့ ပြောင်းလဲလုပ်ကိုင်စေခြင်း၊ ရွှေ့ပြောင်းလုပ်သားများကို Brain Gain အဖြစ် နိုင်ငံအပေါ် အကျိုးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၏ လုပ်အားခများကို တရားဝင် ငွေလွှဲလမ်းကြောင်းဖြင့် စီးဝင်စေခြင်း၊ လုံခြုံသော စွမ်းအင်ကဏ္ဍရရှိအောင် စီမံခန့်ခွဲခြင်းနှင့် စီးပွားရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။



မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

ထို့နောက် Yunnan Academy of Social Sciences မှ Professor Mr. Lei Zhuning က မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာနိုင်သည့် အခွင့်အလမ်းသစ်များ၊ Greater Mekong Sub-Region(GMS)မှတစ်ဆင့် စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်မှု၊ မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ စီးပွားရေးစင်္ကြံများမှ မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်သည့် အခွင့်အလမ်းများနှင့် စီးပွားရေးအကျိုးရလဒ်များ ဖော်ဆောင်နိုင်မည့် အခြေအနေ၊ တရုတ်နိုင်ငံအနေဖြင့် အာရှဒေသတွင်းမှ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များကို ပိုမိုတင်သွင်းခွင့်ပြုမည့် မူဝါဒ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတွင် မြန်မာနိုင်ငံဘက်မှ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် Jawaharlal Nehru University မှ Senior Professor Mr.Mahendra P.Lama က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် မဖြစ်မနေထည့်သွင်းစဉ်းစားရမည့် အစားအစာလုံခြုံရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ အိန္ဒိယနိုင်ငံသည် ပဲစားသုံးမှုမြင့်မားသည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့နိုင်သည့် ဈေးကွက်အဖြစ် တည်ရှိမှု၊ ပဲတင်ပို့မှု တိုးမြှင့်နိုင်ရေး အထွက်နှုန်း မြှင့်တင်ရေးအတွက် အစီအမံများ၊ အော်ဂဲနစ်သီးနှံများအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ အာရှဒေသအတွင်း ပဲဈေးကွက် မြှင့်တင် တင်ပို့နိုင်မည့် အစီအမံများ၊ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံး နိုင်ငံရေးဆန္ဒရှိရန် လိုအပ်မှု၊ စွမ်းအင်ဆိုင်ရာ မူဝါဒများခိုင်မာရေး၊ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ရရှိရေး စီမံဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်ကဲ့သို့ သန့်ရှင်းသည့် စွမ်းအင်စီမံကိန်းများ၊ ရေရှည်တည်တံ့သည့် စွမ်းအင်ကဏ္ဍဖြစ်ပေါ်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ Chiang Mai University Distinguished Economist and Academic Leader Dr. Nisit Panthamit က စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ရန် အခြေခံအုတ်မြစ်များ ခိုင်မာစွာတည်ရှိရေး၊ နိုင်ငံ့စီးပွားရေးအတွက် MSME လုပ်ငန်းများက အထောက်အပံ့ပြုနေမှု၊ တစ်ခါတစ်ရံစီးပွားရေးအခွင့်အလမ်းသစ်များအတွက် Back to Basic နည်းလမ်းကိုအသုံးပြုရေး၊ အထူးပြုစီးပွားရေးကဏ္ဍများ ဖော်ဆောင်ရန် လိုအပ်မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် အပြန်အလှန် အထောက်အကူပြုစေနိုင်သည့် ငွေကြေးစနစ် ဖော်ဆောင်ရေး၊ ငွေလဲနှုန်းတည်ငြိမ်ရေး၊ စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် အတားအဆီးဖြစ်စေမည့် ကန့်သတ်ချက်များ နည်းနိုင်သမျှ နည်းအောင် စီမံဆောင်ရွက်ရေး၊ စီးပွားရေးကဏ္ဍအတွက် စဉ်းစားဆောင်ရွက်ရမည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု အခြေအနေ၊ ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည့် မြန်မာလုပ်သားများ၏ အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် Representative of Dale Carnegie & Associates Mr. Luc De Waegh က အလားအလာ များစွာရှိသည့် နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို နိုင်ငံတကာက ပြောင်းလဲရှုမြင်လာမှု၊ မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုရရှိလာသည့် စီးပွားရေး အခြေအနေ၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေ၊ ခေတ်စနစ်နှင့်အညီ ပြောင်းလဲဖော်ဆောင်လာသည့် မြန်မာနိုင်ငံ၏ Tele Communication အခန်းကဏ္ဍ၊ အိပ်မက်စိတ်ကူးရှိသလောက် မြန်မာနိုင်ငံအနေဖြင့် တိုးချဲ့ဖော်ဆောင်နိုင်မည့် စီးပွားရေး အခွင့်အလမ်းများ၊ Multi National Company များ ဖော်ဆောင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည့် အခြေအနေကို ဆွေးနွေးပြောကြားသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ၊ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ နိုင်ငံတကာပညာရှင်များက အသေးစိတ် ရှင်းလင်းဖြေကြားပေးကြသည်။

စာမျက်နှာ ၁၂ သို့ »»




မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၁) ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

# လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေရဲ့ နား၊ မျက်စိတွေ ဖြစ်တဲ့အတွက် အစိုးရအဖွဲ့ဝင်တွေကိုယ်စား ပြည်သူတွေရဲ့ လိုအပ်ချက်၊ လိုလားချက်နဲ့ အခြေအနေအမှန်တွေကို ဝိုင်းဝန်းဖော်ဆောင်ပေးတဲ့သူတွေလို့ သဘောထားပြီး အတူတူ ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်

ဦးအောင်ကျော်မင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

နေပြည်တော် မတ် ၁၃

"မြန်မာ့မျက်နှာစာသစ်ဖိုရမ်" (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) "FORUM ON THE DAWN OF A NEW STATE"(Trust, Stability & Development) ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC- I) ၌ မတ် ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်တာ ကျင်းပလျက်ရှိသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ပြည်တွင်း နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ တက်ရောက်ဆွေးနွေးကြရာ ဖိုရမ်တက်ရောက်သူများ၏ မျှော်မှန်းချက်များ၊ အမြင်သဘောထားများ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်–


ဦးအောင်ကျော်မင်း


ဦးကိုကိုကြီး


H.E.Mr.Abhay Thakur


ဒေါက်တာဇော်ဦး

**ဦးအောင်ကျော်မင်း**
**အမျိုးသားလွှတ်တော်**
**ကိုယ်စားလှယ်**

ဒီဖိုရမ်က စိတ်ကူးကောင်းကောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အများကြီးအထောက်အကူပြုအောင် ကူညီဆောင်ရွက်ပေးတဲ့ ဖိုရမ်ပဲဖြစ်ပါတယ်။ ပညာရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေကို တိုင်းပြည်တည်ဆောက်တဲ့ ကိစ္စတွေမှာ ဝိုင်းဝန်းကူညီပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တယ်လို့ ယူဆပါတယ်။ ဒီဖိုရမ်ပြီးသွားရင်လည်း ပညာရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေကို ဆက်လက်ကူညီပေးစေချင်ပါတယ်။ ဒီဖိုရမ်ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်အတွက် အများကြီး အကျိုးရှိစေမှာဖြစ်ပါတယ်။ လွှတ်တော်နဲ့ အစိုးရသစ်တို့က နိုင်ငံထူထောင်ရေး၊ ဖွံ့ဖြိုးရေးနဲ့ ပြည်သူဗဟိုပြုမယ့်ကိစ္စရပ်တွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေက အောက်ခြေမှာပြည်သူတွေရဲ့ အသံနဲ့ လိုအပ်ချက်တွေကို သိကြပါတယ်။ တစ်ခါတလေမှာ ဘယ်လိုလုပ်ရမယ်ဆိုတာကို မသိကြတဲ့အခါ ပညာရှင်တွေရဲ့ အကူအညီကို ထိထိရောက်ရောက် ရရှိခဲ့မယ်ဆိုရင် ခရီးတိုတိုနဲ့ အောင်မြင်မှုပန်းတိုင်ကို မြန်မြန်ရောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရအဖွဲ့တို့က ပြည်သူကို ဗဟိုပြုတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် ညီညီညွတ်ညွတ်နဲ့ ပူးပေါင်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေရဲ့ နား၊ မျက်စိတွေ ဖြစ်တဲ့အတွက် အစိုးရအဖွဲ့ဝင်တွေကိုယ်စား ပြည်သူတွေရဲ့လိုအပ်ချက်၊ လိုလားချက်နဲ့ အခြေအနေအမှန်တွေကို ဝိုင်းဝန်း ဖော်ဆောင်ပေးတဲ့ သူတွေလို့ သဘောထားပြီး အတူတူ ပူးပေါင်း ဆောင်ရွက်ကြစေလိုပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ဒီနေ့ကျင်းပတဲ့ ဖိုရမ်မှာ ထူးခြားတာကတော့ ရွေးကောက်ပွဲအပြီး ရွေးကောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ နိုင်ငံတော် အကြီးအကဲအနေနဲ့ သူ့ရဲ့အယူအဆ၊ သုံးသပ်ချက်တွေကို ဖော်ပြသွားတယ်ဆိုတာ နိုင်ငံ့တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်တွေအတွက် လက်ဆင့်ကမ်းတယ်လို့ ကျွန်တော်ကတော့မြင်ပါတယ်။ လွှတ်တော် အခင်းအကျင်း ပေါ်လာတယ်ဆိုတာက အာဏာခွဲဝေကျင့်သုံးတဲ့ ယဉ်ကျေးမှု ပေါ်ထွန်းလာတာ ဖြစ်ပါတယ်။ အပြန်အလှန်စစ်ဆေးထိန်းကျောင်းတဲ့ ပုံသဏ္ဌာန်တစ်ခု ပေါ်ပေါက်လာပြီး အဲဒီကနေ တစ်ဆင့် ပိုပြီးအားကောင်းတဲ့ နိုင်ငံရေးစနစ်၊ နိုင်ငံရေးယဉ်ကျေးမှု တိုးတက်လာဖို့အတွက် ဝိုင်းပြီး ကြိုးစားကြရမယ်လို့ မြင်ပါတယ်။

မကြာခင်မှာ ကျင်းပတော့မယ့် လွှတ်တော်အစည်းအဝေးတွေမှာ နိုင်ငံအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်၊ မူဝါဒဆိုင်ရာတွေကို ဆွေးနွေးကြမယ့်အချိန်မှာ ဒီနေ့ ဆွေးနွေးတဲ့ အချက်အလက်တွေဟာ အများကြီး အထောက်အကူ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတစ်ခုရဲ့ အပြောင်းအလဲဖြစ်စဉ်ဆိုတာက ကောင်းမွေဆိုးမွေ အားလုံးကို ဆက်ခံရတာပါ။ ဖြစ်ခဲ့တာတွေကို သင်ခန်းစာတွေယူပြီး အဲဒီကနေ ရှေ့ဆက်မယ့်ခရီးအတွက် ပြင်ဆင်ကြရမှာဖြစ်ပါတယ်။

**H.E.Mr.Abhay Thakur**
**မြန်မာနိုင်ငံဆိုင်ရာ**
**အိန္ဒိယနိုင်ငံသံအမတ်ကြီး**

အခုလို ထူးခြားတဲ့အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် အထူး ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အစိုးရအသစ် ဖွဲ့စည်းပြီး လွှတ်တော်အသစ်၊ ခေါင်းဆောင်အသစ်တွေ ပေါ်ထွန်းမယ့်ကာလ ဖြစ်တဲ့အပြင် သမိုင်းဝင်အကူးအပြောင်းကာလလည်း ဖြစ်ပါတယ်။ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ အခုကျင်းပတဲ့ ဆွေးနွေးပွဲကတစ်ဆင့် အနှစ်သာရပြည့်ဝတဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်း ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသတွင်းပေါင်းစည်း ဆက်နွှယ်ချိတ်ဆက်မှုနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍကို အနည်းငယ် ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံက အိန္ဒိယ၊ တရုတ်၊ အာဆီယံအစရှိတဲ့ ဒေသတွင်း နိုင်ငံတွေနဲ့ ပေါင်းစည်းဆက်နွှယ် ချိတ်ဆက်မှုဆိုင်ရာ ကဏ္ဍတွေ ဆောင်ရွက်နိုင်ဖို့ မဟာဗျူဟာ ကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုခိုင်မာအားကောင်းလာမယ်ဆိုရင် မြန်မာနိုင်ငံက ဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကုန်သွယ်ရေး၊ ပညာရေး၊ လျှပ်စစ်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းအစရှိတဲ့ ကဏ္ဍတွေ ဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုက အိန္ဒိယနိုင်ငံရဲ့မြင်တွေ့လိုတဲ့ ဆန္ဒဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုး တိုးတက်လာဖို့အတွက် အိန္ဒိယ နိုင်ငံအနေနဲ့ ဆက်လက်ရပ်တည် သွားမှာဖြစ်ပါတယ်။

**ဒေါက်တာဇော်ဦး**
**စီးပွားရေးသုတေသီ**

ဒီနေ့ မြန်မာ့မျက်နှာစာသစ် ဖိုရမ်မှာ "နိုင်ငံတကာအခွင့် အလမ်းများ" ဆိုတဲ့ ဆွေးနွေးပွဲကို နိုင်ငံတကာ ပညာရှင်လေးဦးနဲ့ ကျွန်တော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်း နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံက ပညာရှင်တွေလည်း ပါဝင်ဆွေးနွေးကြပါတယ်။

တရုတ်နဲ့ အိန္ဒိယက ကမ္ဘာပေါ်မှာ ပထမနဲ့ ဒုတိယအများဆုံး လူဦးရေရှိတဲ့အတွက် သူတို့ရဲ့ စားနပ်ရိက္ခာ လိုအပ်ချက်က ကြီးမားပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီ နိုင်ငံတွေကို ကုန်ကြမ်းတွေ ရောင်းချနေတာထက် စားသုံးသူ အဆင့်ဆင့် စားသုံးနိုင်တဲ့အထိ တန်ဖိုးမြင့် ထုတ်ကုန်တွေအထိ တိုးမြှင့်ဆောင်ရွက်သွားမယ်ဆိုရင် ဒေသတွင်းမှာတင်ရောင်းမလောက် အောင် သုံးစွဲကြမယ့်ဈေးကွက်နဲ့ ပြည်သူလူထုလည်း ရှိပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်နိုင်ငံတွေ နဲ့ ချိတ်ဆက်နေတဲ့ အစီအစဉ်တွေ ထဲမှာ လယ်ယာ/ သားငါးကဏ္ဍ ချိတ်ဆက်မှုကိုလည်း အဓိကထား ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ပထဝီစီးပွားရေး အခွင့်အလမ်း တွေကိုဖော်ထုတ်ပြီး သက်ဆိုင်ရာ ဒေသခံ ပြည်သူတွေကြားမှာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေ ရရှိလာမယ့် အကျိုးကျေးဇူးတွေ ကို ဖော်ထုတ်ပြီး စီမံကိန်းတွေ ပြန်လည်စတင်နိုင်အောင် ကြိုးစား ကြဖို့ ဆွေးနွေးခဲ့ပါတယ်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်အောင်မြင်မြင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးဆုံးသွား တဲ့အတွက် တည်ငြိမ်မှုတွေ ရရှိ လာပါပြီ။ ဒီတည်ငြိမ်မှုကနေ ဖွံ့ဖြိုး တိုးတက်မှုရရှိအောင် ဘယ်လိုသွား မလဲဆိုတဲ့အချက်ကိုဆွေးနွေးကြပါ တယ်။ အဓိက အကြံပြုချက်တွေ ထဲမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုး တက်ရေးနဲ့ လူသားအရင်းအမြစ် ဖော်ထုတ်လေ့ကျင့် ပျိုးထောင် ပေးတဲ့ ကိစ္စတွေကို အိမ်နီးချင်း နိုင်ငံတွေက ဝိုင်းဝန်းဆောင်ရွက် ပေးဖို့ ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော်တို့မှာ အခွင့်အလမ်း တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်နေရာ ဟာ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုဆိုတဲ့ အိမ်နီးချင်း နိုင်ငံအားလုံးနဲ့ ကြည့်လိုက်မယ်ဆိုရင် ကျွန်တော် တို့က အချက်အချာကျပါတယ်။ ဒီလောက်ကြီးမားတဲ့ဈေးကွက်ကြီး တွေကြားက နိုင်ငံတစ်ခုအနေနဲ့ ကျွန်တော်တို့မှာ မျှော်လင့်ချက် တွေ၊ အခွင့်အလမ်းတွေအများကြီး ရှိပါတယ်လို့ ပြောချင်ပါတယ်။

**အမေးအရေး–ကျော်စွာသန့်**
**ဓာတ်ပုံ–အောင်မင်းသန်း**

---

»» **စာမျက်နှာ ၁၁ မှ**

ယင်းနောက် ဆွေးနွေးပွဲ (ဒုတိယပိုင်း) အဖြစ် **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၁) ခေါင်းစဉ်ဖြင့်** ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာခင်မောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦး၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးတင်နိုင်သိန်း၊ Green Economy Green Group မှ Executive Director ဦးတင်ဝင်းအောင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာခင်မောင်လွင်က စီးပွားရေးဖွံ့ဖြိုးမှု ဖော်ဆောင်ရာတွင် အားလုံးပါဝင်လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက မက်ခရို စီးပွားရေးအခြေအနေ၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီ လှမ်းချီနိုင်ရေး အကြံပြုချက်များ၊ ကုန်ဈေးနှုန်း၊ ငွေလဲနှုန်း၊ ငွေကြေးဈေးနှုန်း၊ စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်မှု၊ စက်သုံးဆီခြိုးခြံချွေတာရေး အစီအမံများ၊ ဘေးထွက်စရိတ် ကုန်ကျမှုလျှော့ချနိုင်မည့် အခြေအနေ၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှု အကြောင်းရင်းများ၊ ငွေလဲနှုန်းနှင့် ကုန်သွယ်ရေးကဏ္ဍ ဆက်စပ်နေမှု၊ မြန်မာနိုင်ငံ၏ GDP တိုးတက်နှုန်း၊ စိန်ခေါ်မှုများပြားလာသော ကမ္ဘာ့စီးပွားရေးစနစ်၊ အခြေခံလုပ်သားရှားပါးလာမှု၊ လုံခြုံစနစ်ကျသော ဒစ်ဂျစ်တယ် ငွေကြေးစနစ်ဖော်ဆောင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ရေး၊ တရားမဝင်ကုန်သွယ်ရေးနှင့် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများ၊ မြန်မာ့နည်း၊ မြန်မာ့ဟန် စီးပွားရေးမဟာဗျူဟာများ ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးတင်နိုင်သိန်းက Nation Building နှင့် State Building၊ လွတ်လပ်ရေးမရမီ မြန်မာ့နိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးရာ အယူဝါဒများနှင့် နိုင်ငံတည်ဆောက်ရေးအခန်းကဏ္ဍ၊ ယနေ့ခေတ် နိုင်ငံတည်ဆောက်ရေး Ideology များ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်၊ ပြည်သူ့မျှော်မှန်းချက်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစိုးရ၏ မျှော်မှန်းချက်များ၊ လွှတ်တော်တွင် နေရာအများဆုံး အနိုင်ရပါတီ၏ မျှော်မှန်းချက်များ၊ နိုင်ငံတော်၏ အခြေခံမူများ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် ပန်းတိုင်၊ အမျိုးသားရေးမျှော်မှန်းချက်နှင့်တာဝန်၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် မြှင့်တင်မည့်သူများ၏ အခန်းကဏ္ဍ၊ နိုင်ငံတည်ဆောက်ရာတွင် အရေးကြီးသည့် မျှော်မှန်းချက်အမြင် တည့်မတ်မှန်ကန်မှုအပေါ် လေ့လာဆန်းစစ်ခြင်း၊ အမြင်သဘောထားမှန်ကန်တူညီရေး၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်မြှင့်တင်ရာတွင် လိုအပ်သည့် အရင်းအနှီးစွမ်းအားများ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုလားချက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အာဏာသုံးရပ် အပြန်အလှန် ထိန်းကျောင်းရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် Green Economy Green Group မှ Executive Director ဦးတင်ဝင်းအောင်က အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှု ရည်ရွယ်ချက်၊ အစိမ်းရောင် စီးပွားရေး၏ အဓိကအကြောင်းအရာများ၊ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍကို Innovative Idea များဖြင့် ပြောင်းလဲဖော်ဆောင်နိုင်ရေး၊ စားနပ်ရိက္ခာ လုံခြုံမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအမံများ၊ မြန်မာနိုင်ငံ လူမှု–စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေး၊ အစိုးရကချမှတ်ဖော်ဆောင်သော မဟာဗျူဟာများတွင် ပုဂ္ဂလိက အခန်းကဏ္ဍ အပါအဝင် ဘက်စုံ၊ ကဏ္ဍစုံက ပါဝင်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးပေးကြသူများက အသေးစိတ် ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁၃**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနအလိုက် ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာ တန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေး တန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အရ ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လအထိ မြေဩဇာတန်ချိန် ၁၆၈၁၄၅၃ ဒသမ ၂၆ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၆၇၆ ဒသမ ၈၇ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင်ရရှိနိုင်ရေး တင်ပြလာမှုများအပေါ် စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ စိစစ်တင်ပြချက်အရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ မြေဩဇာတန်ချိန် ၁၁၁၈၀၄၂ ဒသမ ၆၀ တန် အမှန်တင်သွင်းခဲ့ပြီး ၉၈၃၅၆၉ ဒသမ ၇၇ တန် ဖြန့်ဖြူးရောင်းချ၍ ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၂၈၅၀၁၁ ဒသမ ၉၀ တန်၊ လိုင်စင်ရပြီး ဆိပ်ကမ်းရောက်ရှိ တန်ချိန် ၂၂၅၇၂ ဒသမ ၂၂ တန်ရှိသဖြင့် စုစုပေါင်းတန်ချိန် သုံးသိန်းကျော်ရှိကြောင်း၊ လာမည့်မိုးစပါးစိုက်ရာသီအတွက် လုံလောက်ရန် ထပ်မံလိုအပ်သော တန်ချိန်နှင့် လအလိုက် မြေဩဇာလိုအပ်ချက်ကို စိုက်ပျိုးရေးဦးစီးဌာနက ဆွေးနွေးတင်ပြစေလိုကြောင်း၊ အသင်းအနေဖြင့် အချိန်မီရောက်ရှိရေး အစီအမံတင်ပြရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း သတ်မှတ်ချိန်လိုင်စင်ရရှိရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ရောင်းချပေးခဲ့၍ ကျသင့်တန်ဖိုးငွေများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်ပေးသွင်းလျက်ရှိပြီး အပြေအကျေပေးသွင်းနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲပေးရန် လိုအပ်ကြောင်း၊ ကွင်းဆင်းစစ်ဆေး စိစစ်တွေ့ရှိချက်များအရ ပြင်ပပေါက်ဈေးထက် သက်သက်သာသာသုံးစွဲနိုင်ခြင်း၊ သီးနှံအထွက်နှုန်းမှာလည်း ယခင်နှစ် အထွက်နှုန်းထက် တိုးတက်လာခြင်း၊ သီးနှံအရည်အသွေးကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာကြပြီး တောင်သူများအတွက် အထောက်အကူပြု အစီအစဉ်ကောင်းတစ်ခုဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြသူများအား အထူးကျေးဇူးတင်ရှိကြောင်း။

ရည်ညွှန်းဈေးနှုန်းထုတ်ပြန်မှုအနေဖြင့် မတ်လအတွက် ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ နှုန်း၊ ၁၅ ပတ်လည် ကွန်ပေါင်းမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်း ရောင်းချပေးလျက်ရှိကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း ပြဿနာများအရ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာနိုင်သည့်အတွက် အတတ်နိုင်ဆုံး ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ပေးကြရန်နှင့် ခွင့်ပြုပေးထားသည့် လိုင်စင်လက်ကျန်များ အမြန်တင်သွင်းကြရန် လိုအပ်ကြောင်း၊ ကော်မတီဝင်ဌာနများက ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းကို အခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှု ရှိ/ မရှိ၊ သွင်းအားစုများ သိုလှောင်ဈေးကစားခြင်းများ ရှိ/ မရှိတို့ကို စစ်ဆေးဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

မြေဩဇာအသင်းကလည်း ကုမ္ပဏီများက ရရှိပြီးလိုင်စင်များ ကိုင်ထားခြင်းမျိုး မပြုလုပ်ကြရန်နှင့် အမှန်တင်သွင်းဖြန့်ဖြူးရန်၊ လိုအပ်မှသာ လျှောက်ထားကြရန် ကြီးကြပ်ပေးရမည်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း ဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေး မှန်ကန်စေရေးတို့အတွက် ဆိုင်ရာဌာနများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ၂၀၂၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ် သုံးလအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် တန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက မြေဩဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌတို့က ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သတ္တမအကြိမ်မြောက် ငါးလုပ်ငန်းဆိုင်ရာသုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၃**

သတ္တမအကြိမ်မြောက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆) ငါးလုပ်ငန်းဦးစီးဌာန ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းသိမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက အွန်လိုင်းဖြင့် တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ပထမအကြိမ် ရန်ပုံငွေစီမံအုပ်ချုပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအရ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သုတေသနရန်ပုံငွေ ကောက်ခံရရှိသည့် ကျပ်သိန်းပေါင်း ၅၇၆၃၃ ဒသမ ၅၈၂၀၅ မှ သုတေသနလုပ်ငန်းများသို့ ကျပ်သိန်းပေါင်း ၂၁၇၆၁ ဒသမ ၄၁၈ ကို သတ်မှတ်ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ခွင့်ပြုချထားပေးခဲ့ပြီး လက်ကျန်ငွေမှာ ကျပ်သိန်းပေါင်း ၃၅၈၇၂ ဒသမ ၁၆၄ ဖြစ်ကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှုစာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၏ ၁-၁၂-၂၀၂၂ ခုနှစ်မှ ၃၁-၁၂-၂၀၂၅ ခုနှစ်အထိ သုံးစွဲပြီးအသုံးစရိတ်များ၊ ရှင်းတမ်းများကို ဌာနတွင်း သုတေသနရန်ပုံငွေ စစ်ဆေးရေးအဖွဲ့က ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် အညီ ခြောက်ကြိမ် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ အသုံးစရိတ်များကို တနင်္သာရီတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံးကလည်း စစ်ဆေးပြီးဖြစ်ကြောင်း။

လက်ရှိ ငါးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးဆောင်ရွက်သော ရေသတ္တဝါများ၏ ရောဂါဖြစ်ပွားမှု အခြေအနေများကို စမ်းသပ်သုတေသနပြု စမ်းသပ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများတွင် ငါးရောဂါကျရောက်မှု ဆုံးရှုံးမှုတန်ဖိုး လွန်စွာမြင့်မားသည့်အတွက် တနင်္သာရီတိုင်းဒေသကြီး ငါး/ပုစွန်မွေးမြူရေး လုပ်ငန်းများအတွက် ပြင်ပမှ ငါးရောဂါများကျရောက်မှုမရှိစေရန်၊ ငါးရောဂါကျရောက်မှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက်အထောက်အပံ့ကောင်းများ ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မွေးမြူရေး သုတေသနဦးစီးဌာနကလည်း ကျွန်းစုစခန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂၂ ရက်အထိ တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် ငါးသယံဇာတ တည်ရှိမှုကို M.V.SEAFDEC 2 သုတေသနရေယာဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကလွင်စခန်း အဆင့်မြှင့်တင်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အတူ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြိတ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် ငုပ်ရှုပ်၏မျိုးပွားမှု၊ ရှင်သန်ပေါက်ပွားမှု၊ ပျံ့နှံ့တည်ရှိမှုနှင့် ဂေဟစနစ်အား သုတေသနပြုခြင်း စီမံကိန်းကိုလည်း ခွင့်ပြုထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းအနေဖြင့် မြိတ်မြို့တွင် ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော ပင်လယ်ငါးသယံဇာတ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ ဖိုရမ်တွင် ဖတ်ကြားတင်ပြခဲ့ကြသည့် သုတေသန စာတမ်းများကို Proceeding စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော ငါး၊ ပုစွန်၊ ကမာ၊ ရေမှော်၊ ရေသတ္တဝါ မွေးမြူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကိုလည်း Proceeding စာအုပ်အဖြစ် ဆက်လက် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာရေးအတွက် များစွာအထောက်အကူဖြစ်စေသည့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း ပိုမိုအကျိုးရှိ ထိရောက်အောင် ဆက်လက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် တက်ရောက်လာကြသူများက တနင်္သာရီတိုင်း ဒေသကြီး ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မွေးမြူရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခြင်း၊ အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချစားသုံးသူဘဝ

ပြည့်ထူး(မင်းဘူး)

နေ့စဉ်နှင့်အမျှ ကမ္ဘာအနှံ့ရှိ စားသုံးသူများသည် နိစ္စဓူဝကိစ္စရပ်များ၌ ယုံကြည်မှုကိုအခြေခံ၍ ဝယ်ယူစားသောက်အသုံးပြုမှုအား လုပ်ဆောင်နေကြသည်။ ၎င်းယုံကြည်စိတ်ချရမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် စားသုံးသူတစ်ဦးချင်းစီ၏ ဘေးကင်းလုံခြုံရေးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ သို့ရာတွင် ယနေ့ခေတ်၌ ကမ္ဘာ့အသီးသီးရှိ ဘေးကင်းလုံခြုံမှုမရှိသော ကုန်ပစ္စည်းများ၏ခြိမ်းခြောက်မှုသည် စားသုံးသူများ၏ ယုံကြည်မှုကို ယုတ်လျော့စေလျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် စားသုံးသူများ၏ စိတ်ချယုံကြည်မှုကို ခြိမ်းခြောက်နေပြီး စီးပွားရေးကျင့်ဝတ် ပြည့်ဝစွာတိုးတက်စေမှုကို ယိုယွင်းစေသည့် အသံတိတ်ကြီးထွားလာသော ထုတ်ကုန်ကဏ္ဍ ဘေးကင်းလုံခြုံမှုမရှိခြင်း အရေးပေါ်အခြေအနေအား "အသံ၊ သတိ" ဖြင့် ပူးပေါင်းတိုက်ဖျက်ကြရမည် ဖြစ်ပါသည်။




ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ကာတွန်းပြိုင်ပွဲ ပထမဆုရကာတွန်း။ ဒေါ်အေးမြတ်မွန်

**ထုတ်ကုန်များ၏ ဘေးကင်းလုံခြုံရေး စိန်ခေါ်မှုကြီးမားလာ**

စားသုံးသူများ၏ အခွင့်အရေးကို အသိအမှတ်ပြု မြှင့်တင်ရန်ရည်ရွယ်၍ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို နှစ်စဉ်မတ်လ ၁၅ ရက်နေ့တွင် ကျင်းပလျက်ရှိရာ စားသုံးသူများ လုံခြုံစိတ်ချစွာဖြင့် ဘေးကင်းလုံခြုံသော ထုတ်ကုန်များ ဝယ်ယူသုံးစွဲ၊ စားသုံးနိုင်ရေးအတွက် ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၂၆ ခုနှစ်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အတွက် ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချစားသုံးသူဘဝ (Safe Products, Confident Consumers) ဆိုသည့် ဆောင်ပုဒ်သတ်မှတ်၍ တိုက်တွန်းထားသည်ကို တွေ့ရှိရပေသည်။ ထုတ်ကုန်များ၏ ဘေးကင်းလုံခြုံရေး စိန်ခေါ်မှုသည် အချိန်တိုအတွင်း အံ့သြဖွယ် ကောင်းလောက်အောင်ပင် ကြီးမားလာသည်ကို သတိချပ်စရာတွေ့ရှိရသဖြင့် လက်ရှိ ကမ္ဘာကြီး၌ ကြုံတွေ့နေရသည့် စံချိန်မမီ၊ အတုအပနှင့် အန္တရာယ်ရှိသော ထုတ်ကုန်များ၏ စိန်ခေါ်မှုများကြားတွင် စားသုံးသူများဘဝ ယုံကြည်စိတ်ချရေး ၎င်းတို့၏အခွင့်အရေးများကို ပိုမိုကာကွယ်ရန် လိုအပ်လာပြီဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ်ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်သည် စားသုံးသူများအား ပိုမိုကာကွယ်ပြီး ဘေးကင်းလုံခြုံစိတ်ချရမှုအပြည့်ရှိသော ထုတ်ကုန်များကို စဉ်ဆက်မပြတ် လက်လှမ်းမီစွာ သုံးစွဲနိုင်ရေးအတွက် အစိုးရ၊ စားသုံးသူဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများကိုယ်တိုင် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းထားခြင်းပင်ဖြစ်ပေသည်။

ဘေးကင်းလုံခြုံသော ထုတ်ကုန်ဆိုသည်မှာ သတ်မှတ်ထားသည့် အသုံးပြုမှုညွှန်ကြားချက် (Instructions) များအတိုင်း အသုံးပြုပါက စားသုံးသူများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်မှုမရှိစေသော၊ ဘေးဥပဒ်မဖြစ်စေသော ထုတ်ကုန်များပင်ဖြစ်သည်။ ၎င်းထုတ်ကုန်များ၌ စံချိန်စံညွှန်းပြည့်မီခြင်း (Standardization)၊ ဘေးဥပဒ်ကင်းရှင်းခြင်း (No Hazard)၊ အရည်အသွေး စိစစ်မှုရှိခြင်း (Quality Control)၊ ကုန်အညွှန်းအမှတ်အသား (Labeling) စနစ်တကျ ဖော်ပြခြင်း၊ စားသုံးသူအား ကာကွယ်ပေးနိုင်ခြင်း (Consumers Protection) စသည့်လက္ခဏာများ ရှိရမည်ဖြစ်သည်။ ဖော်ပြပါလက္ခဏာများ ပြည့်စုံသည့် ဘေးကင်းလုံခြုံသော ထုတ်ကုန်များကသာ စားသုံးသူများအတွက် ယုံကြည်စိတ်ချရသော လူနေမှုဘဝကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

**ပြည်သူ့ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှု တစ်ခုပင်ဖြစ်**

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (The Organization of Economic Cooperation and Development – OECD) ၏ မကြာသေးမီကထုတ်ပြန်ခဲ့သော သုံးသပ်ချက်တစ်ရပ်တွင် တားမြစ်ထားသော သို့မဟုတ် ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူရန် ထုတ်ပြန်ထားသော ထုတ်ကုန်များ၏ ၈၇ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် ရောင်းချနေဆဲ၊ စားသုံးသူများ လက်လှမ်းမီနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်ကို ထိတ်လန့်ဖွယ် တွေ့ရှိရပေသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံများစွာ၌ စားသုံးသူများအား စံချိန်မမီ၊ အတုအပနှင့် အန္တရာယ်ရှိသော ထုတ်ကုန်များ၏ အန္တရာယ်မှ အပြည့်အဝ ကာကွယ်ပေးနိုင်သည့် ဥပဒေရေးရာယန္တရားများ ပြည့်စုံလုံလောက်ခိုင်မာစွာမရှိဘဲ အားနည်းနေသည်ကို တွေ့ရကြောင်း သုံးသပ်ထားသည်ကိုလည်း တွေ့ရှိရသည်။ ၎င်း၏ အကျိုးဆက်များမှာ စီးပွားရေးကဏ္ဍကို ထိခိုက်စေရုံမျှမကဘဲ ပြည်သူ့ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်သည်။ ၎င်းသည် ရေရှည်ဖွံ့ဖြိုးရေးအရင်းအမြစ်များ ကုန်ခန်းစေမှုကို ဖြစ်ပေါ်စေပြီး စားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးဆိုင်ရာ အခွင့်အရေးများအပေါ် ကြီးစွာသော ထိုးနှက်ချက်ဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်မှ ၁၁ ရက်နေ့အထိကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ၏ နဝမအကြိမ် ယှဉ်ပြိုင်မှုနှင့် စားသုံးသူ ကာကွယ်ရေးညီလာခံ (9th United Nations Conference on Competition and Consumer Protection) ၌ နိုင်ငံများ စုပေါင်းဆွေးနွေးပြီးနောက် ကမ္ဘာလုံးဆိုင်ရာ ထုတ်ကုန်ဘေးကင်းလုံခြုံရေးသည် အလေးထားဖော်ဆောင်ရမည့်ကဏ္ဍတစ်ခုအဖြစ် ပိုမိုအသက်ဝင်လာခဲ့သည်။ ထို့အတူ Consumers International အဖွဲ့အစည်း၏ အကြံပြုချက်များသည်လည်း ထုတ်ကုန်ဘေးကင်းလုံခြုံရေးအတွက် မူဝါဒများချမှတ်ရာတွင် များစွာအထောက်အကူပြုနေပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ စားသုံးသူကာကွယ်ရေး လမ်းညွှန်ချက်များ (The United Nations Guidelines for Consumers Protection) အရ စားသုံးသူတိုင်းတွင် ဘေးကင်းလုံခြုံပြီး အန္တရာယ်ကင်းသော ထုတ်ကုန်များကို ရယူပိုင်ခွင့်ရှိပေသည်။ သို့ရာတွင် ဒေသပေါင်း ၃၁ ခုမှ စားသုံးသူ ၃၀၀၀၀ အား သုတေသနပြုလုပ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် Consumers International ၏ Consumers Archetypes To Foster Sustainable Living စာတမ်းအရ သုတေသနနှင့်ပါဝင်သော စားသုံးသူများ၏ ၉၄ ရာခိုင်နှုန်းသည် ပိုမိုတည်တံ့၍ ယုံကြည်စိတ်ချရသည့် ဘဝနေထိုင်မှုပုံစံသို့ ကူးပြောင်းလိုကြသော်လည်း လက်တွေ့၌ လုံခြုံစိတ်ချရသော ထုတ်ကုန်များကို ဝယ်ယူသုံးစွဲပိုင်ခွင့်ကဲ့သို့သော ကဏ္ဍများတွင်ပင် ကြီးမားသည့် အတားအဆီးများ ရင်ဆိုင်နေကြရသည်ကို ထောက်ပြထားသည်။ ထို့ကြောင့် ယုံကြည်စိတ်ချရသော စားသုံးသူဘဝ ဖော်ဆောင်ရေးအတွက် ထုတ်ကုန်ဘေးကင်းလုံခြုံရေးသည် အချိန်မဆွဲဘဲ ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

**"4L" ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်**

ဝင်ငွေနိမ့်ပါးသော နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်ကုန်ဘေးကင်းလုံခြုံရေးစိန်ခေါ်မှုသည် ဖွံ့ဖြိုးပြီးဝင်ငွေမြင့်မားသော နိုင်ငံများထက် ပိုမိုကြီးမားစွာ မြင့်မားနေသည်မှာ အမှန်ပင်ဖြစ်သည်။ လုံလောက်သော ဥပဒေရေးရာမူဘောင်များ အားနည်းခြင်း၊ စစ်ဆေးနိုင်သော အဆင့်မီဓာတ်ခွဲခန်းများ နည်းပါးခြင်းနှင့် အားနည်းချက်ရှိသော အရင်းအမြစ်များကြောင့် ၎င်းစိန်ခေါ်မှုသည် စားသုံးသူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ၎င်းတို့အား နည်းဗျူဟာကျကျ ချဉ်းကပ်အဖြေရှာနိုင်ရန် ဓာတ်ခွဲခန်း (Laboratory)၊ ဥပဒေ (Law Enforcement)၊ ချိတ်ဆက်မှုများ (Links)၊ သစ္စာရှိမှု (Loyalty) ဆိုသည့် "4L" ကို ဟန်ချက်ညီညီ

စာမျက်နှာ ၁၅ သို့

**"ဝင်ငွေနိမ့်ပါးသော နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်ကုန်ဘေးကင်းလုံခြုံရေးစိန်ခေါ်မှုသည် ဖွံ့ဖြိုးပြီးဝင်ငွေမြင့်မားသောနိုင်ငံများထက် ပိုမိုကြီးမားစွာ မြင့်မားနေသည်မှာ အမှန်ပင်ဖြစ်သည်။ လုံလောက်သော ဥပဒေရေးရာမူဘောင်များ အားနည်းခြင်း၊ စစ်ဆေးနိုင်သော အဆင့်မီဓာတ်ခွဲခန်းများနည်းပါးခြင်းနှင့် အားနည်းချက်ရှိသော အရင်းအမြစ်များကြောင့် ၎င်းစိန်ခေါ်မှုသည် စားသုံးသူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ၎င်းတို့အား နည်းဗျူဟာကျကျ ချဉ်းကပ်အဖြေရှာနိုင်ရန် ဓာတ်ခွဲခန်း (Laboratory)၊ ဥပဒေ (Law Enforcement)၊ ချိတ်ဆက်မှုများ (Links)၊ သစ္စာရှိမှု (Loyalty) ဆိုသည့် "4L" ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပေသည်။ ၎င်း "4L Framework" မူဘောင်သည် ရေရှည်တည်တံ့သော ထုတ်ကုန်ဘေးကင်းလုံခြုံမှုကို ဖော်ဆောင်နိုင်ပြီး စားသုံးသူများ၏ဘဝကို ယုံကြည်စိတ်ချရစေရုံမျှမက ကျင့်ဝတ်သိက္ခာရှိသော စီးပွားရေးအသိုက်အဝန်းတစ်ခုကို ဖော်ဆောင်ပေးနိုင်မည်"**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ တတိယနေ့ ဆက်လက်ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၈၁၂ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၃

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု (စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု) ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၈၁၂ ဦး၊ ပျက်ကွက် ၁၃၉၄၁ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ တတိယနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက သင်္ချာဘာသာရပ်၊ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၂) ဘာသာရပ်၊ မွေးမြူရေးကျောင်းသားကျောင်းသူများက ဝက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - သင်္ချာ

နေ့စွဲ - ၁၃-၃-၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၇ | ၇၃၉၀ | ၁၁၆၂၇ | ၃၀၆ | ၂၄၇ | ၅၅၃ | ၉၅.၄၆% | ၄.၅၄% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၀ | ၃၆၅၇ | ၁၀၄ | ၇၉ | ၁၈၃ | ၉၅.၂၃% | ၄.၇၇% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၈ | ၅၂၂ | ၈၄၀ | ၃၁ | ၄၄ | ၇၅ | ၉၁.၈၀% | ၈.၂၀% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၄ | ၇၇၀၄ | ၁၂၅၀၈ | ၄၀၆ | ၃၆၉ | ၇၇၅ | ၉၄.၁၇% | ၅.၈၃% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၄ | ၈၉၈၀ | ၁၄၆၁၄ | ၄၆၁ | ၃၅၀ | ၈၁၁ | ၉၄.၇၄% | ၅.၂၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၈ | ၆၉၉၈ | ၁၁၈၅၆ | ၄၉၀ | ၂၉၅ | ၇၈၅ | ၉၃.၇၉% | ၆.၂၁% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၃ | ၁၂၈၆၃ | ၂၁၂၀၆ | ၅၄၀ | ၃၃၉ | ၈၇၉ | ၉၆.၀၂% | ၃.၉၈% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၈၃ | ၂၆၁၈၆ | ၄၅၄၆၉ | ၁၂၅၄ | ၈၂၆ | ၂၀၈၀ | ၉၅.၆၃% | ၄.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၆ | ၁၀၅၃၅ | ၁၈၁ | ၂၁၈ | ၃၉၉ | ၉၆.၃၅% | ၃.၆၅% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၈ | ၉၀၀ | ၁၆၈၈ | ၆၈ | ၄၃ | ၁၁၁ | ၉၃.၈၃% | ၆.၁၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၃၅ | ၂၆၀၃၁ | ၄၆၇၆၆ | ၁၄၉၆ | ၉၉၄ | ၂၄၉၀ | ၉၄.၉၄% | ၅.၀၆% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၇ | ၈၄၈၇ | ၁၃၃၇၄ | ၂၆၈ | ၂၆၀ | ၅၂၈ | ၉၆.၂၀% | ၃.၈၀% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၄ | ၁၂၁၆ | ၁၉၇၀ | ၆၄ | ၄၅ | ၁၀၉ | ၉၄.၇၆% | ၅.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၃ | ၂၀၉၀၄ | ၃၆၄၂၇ | ၁၈၅၄ | ၁၀၄၆ | ၂၉၀၀ | ၉၂.၆၃% | ၇.၃၇% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၈ | ၇၈၉၅ | ၁၄၁၀၃ | ၅၀၇ | ၃၀၄ | ၈၁၁ | ၉၄.၅၆% | ၅.၄၄% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၉၇၀ | ၁၅၀၈၄၂ | ၂၅၄၈၁၂ | ၈၂၂၁ | ၅၇၂၀ | ၁၃၉၄၁ | ၉၄.၈၁% | ၅.၁၉% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(သင်္ချာ)+ စိုက်ပျိုးရေးအတတ်ပညာ(သီးနှံထုတ်လုပ်ရေး(၂)+မွေးမြူရေးအတတ်ပညာ(ဝက်မွေးမြူထုတ်လုပ်ရေး)

နေ့စွဲ - ၁၃-၃-၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၂၉ | ၂၀၆ | ၁၂၁ | ၃၂၇ | ၂ | ၀ | ၂ | ၉၉.၃၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | **စုစုပေါင်း** | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ တိုင်းပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ မင်္ဂလာဒီပရှိ စာစစ်ဌာနများ၌ ကျောင်းသားကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက စာဖြေခန်းများအားလုံး အလင်းရောင်ကောင်းစွာရရှိရေး၊ လေဝင်လေထွက်ကောင်းမွန်ရေး နေ့စဉ်စစ်ဆေးဖြည့်ဆည်းရန်နှင့် ကျောင်းသား ကျောင်းသူများ ဘာသာစုံ ပြီးမြောက်သည်အထိ မပျက်မကွက် စာမေးပွဲလာရောက်ဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပသည့် စာစစ်ဌာန ၅၂ ခုရှိပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၄၉၁၄ ဦးရှိ၍ တတိယနေ့ သင်္ချာဘာသာရပ်ကို ၁၄၁၀၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀ ရှိပြီး သင်္ချာဘာသာရပ်ကို ၂၃၀ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးဦးနေမျိုးလှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ နောင်ချိုနှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ စာစစ်ဌာနများသို့သွားရောက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူး (ရုံးခွဲ) ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်မဲမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ၏ အုပ်ထိန်းသူများနှင့် လိုက်ပါပို့ဆောင်အားပေးကြသည့် ကျောင်းသားမိဘများ၊ တာဝန်ရှိသူ ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာဆရာမများ၏ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ စာမေးပွဲခန်းကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ကျသည့် ဆရာ ဆရာမများအား ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုတို့ကို ကြည့်ရှုအားပေး၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲဆောင်ရွက်၍ တက္ကသိုလ်ဝင် စာမေးပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်သည်အထိ အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နောင်ချိုမြို့နယ် ဆင်လမ်းစုရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များကို တွေ့ဆုံကာ စာသင်ဆောင်၊ သိပ္ပံဆောင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးများဖြင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရေး၊ ကျောင်းအားကစားကွင်းကို စံကိုက်အားကစားကွင်းဖြစ်အောင် ပြုပြင်ဆောင်ရွက်နိုင်ရေး၊ ကျောင်းစာကြည့်တိုက်များကိုလည်း အကျိုးရှိထိရောက်အောင် အသုံးပြုဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြား၍ ဆရာ ဆရာမများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မျက်မမြင်၊ မသန်စွမ်းကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး စာမေးပွဲဖြေဆိုပြီးသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

# သန်လျင်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား အလှူရှင်များက အချိုရည်ဘူးများ လှူဒါန်း



ရန်ကုန် မတ် ၁၃

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက သန်လျင်မြို့နယ် အထက(၂) စာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား အလှူရှင်များက အချိုရည်များ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် သန်လျင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဌေး ဦးစီး၍ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကြည်စိုးသန့်၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး နေလင်းအောင်နှင့် တပ်ဖွဲ့ဝင်မိသားစုများက အထက (၂) စာစစ်ဌာနမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် G-12 စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူ ၇၂၁ ဦးနှင့် တာဝန်ကျဆရာ ဆရာမ ၆၈ ဦးတို့အား အချိုရည်ဘူးများ လှူဒါန်းခဲ့ကြကြောင်းသိရသည်။

အောင်ကျော်မိုး

# ကြံခင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆို

ကြံခင်း မတ် ၁၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ (တတိယနေ့) သင်္ချာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီမှစ၍ စတင်ဖြေဆိုလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ စာစစ်ဌာန ငါးခုတွင် ကျောင်းသား ကျောင်းသူ ၆၁၂ ဦးနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲ အင်္ဂလိပ်စာ၊ သီးနှံထုတ်လုပ်ရေး (၂)၊ ဝက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်များကို ကျောင်းသား ကျောင်းသူ ၇၀ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။



ထိုသို့တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆိုနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ (ပလကဖ) တို့က ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် စနစ်တကျကြီးကြပ် ကြည့်ရှုပေးလျက်ရှိကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ယနေ့ကျင်းပပြုလုပ်သည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့တွင် ထုတ်ပြန်ထားသည့် "ထုတ်ကုန် ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ" ဟူသော ဆောင်ပုဒ်နှင့်အညီ စားသုံးသူပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပြီး ကျန်းမာရေး ကောင်းမွန်သည့် လုံခြုံသောလူနေမှုဘဝကို ပိုင်ဆိုင်နိုင်ရေးအတွက် ထုတ်လုပ်ရောင်းချနေသော ကုန်ပစ္စည်းများသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ဘေးကင်းလုံခြုံမှုရှိသော ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်စေရေး အတွက် စားသုံးသူပြည်သူများကို အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက ပြည်ထောင်စုနယ်မြေအတွင်း စားသုံးသူကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး စားသုံးသူရေးရာဦးစီးဌာန စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသကာ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ဂုဏ်ပြုတေးသရုပ်ဖော်သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ကုန်အညွှန်းအမှတ်အသား ကပ်နှိပ်ပြီး ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ(၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သောလုပ်ငန်းအဖွဲ့အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများ အသီးသီးရေးဆွဲပြီး စီမံကိန်းပါလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းစီမံချက်များနှင့် လုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**အကြံပြုချက်များနှင့်အညီ ရေးဆွဲထားရှိ**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း ၂၀၂၂-၂၀၂၆ အပေါ် အခြေခံပြီး ၂၀၂၆ ခုနှစ် လုပ်ငန်းစီမံချက်တွင် လုပ်ငန်းကဏ္ဍ (၄)ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ လူကုန်ကူးမှုနှင့် ဆက်နွယ်ဖြစ်ပွားလျက်ရှိသော လုပ်ငန်းစဉ်များ၊ အသစ်ထပ်မံထည့်သွင်းလိုသည့် လုပ်ငန်းစဉ်များ၊ ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံများအား တားဆီးတိုက်ဖျက်နှိမ်နင်းနိုင်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ တပ်ဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပြင်ဆင်/ဖြည့်စွက် အကြံပြုချက်များနှင့်အညီ ရေးဆွဲထားရှိကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လိမ်လည်မှုများတွင် ယေဘုယျအားဖြင့် ငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားဆိုင်ရာလိမ်လည်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှု၊ အလုပ်အကိုင်လိမ်လည်မှု၊ ကံစမ်းမဲလိမ်လည်မှု၊ ချစ်သူရည်းစားအဖြစ် ဟန်ဆောင်မှု စသည့် နည်းလမ်းမျိုးစုံဖြင့် ပစ်မှတ်ထားကျူးလွန်နေသည်ကို တွေ့ရှိရကြောင်း၊ အလုပ်အကိုင် လိမ်လည်မှုများမှတစ်ဆင့် အတင်းအကျပ် အစေခိုင်းစေသည့် လူကုန်ကူးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာသည်ကို တွေ့ရှိရကြောင်း။

လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး အသိပညာပေးမှုအနေဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Billboard နှင့် ပိုစတာများ စိုက်ထူခြင်း၊ Talk Show များ ပြုလုပ်ခြင်း၊ နိုင်ငံပိုင်ရုပ်မြင်သံကြားတို့မှတစ်ဆင့် အသိပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသနိုင်ရေး ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုအသိပညာပေး စတစ်ကာများကပ်ခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် အများပြည်သူများထံ SMS များ ပေးပို့ခြင်း စသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် လက်ရှိ အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွယ်ပြီး ဖြစ်ပေါ်လာနိုင်သော လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ပြည်သူလူထုသိရှိနိုင်ရေး ဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ချိတ်ဆက်ကာ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးကာ မိသားစုထံ ပြန်လည်အပ်နှံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေး**

၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခဲ့ကြပြီး အခက်အခဲကြုံတွေ့ရသဖြင့် ဆက်သွယ်ရေးသံတမန်လမ်းကြောင်းများဖြစ်သည့် သံတမန်လမ်းကြောင်း၊ National Central Bureau (NCB)နှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများရှိ ပြည်တွင်းစက်ရုံ အလုပ်ရုံများ၏ လုပ်သားလိုအပ်ချက်၊ အာဆီယံဒေသတွင်း နိုင်ငံအချို့၏ လုပ်သားလိုအပ်ချက်များအပေါ် အခြေပြုပြီး မြန်မာနိုင်ငံအတွင်းမှ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်လိုသူများကို ပြည်ပသို့ တရားမဝင်ပို့ဆောင်နိုင်ရေးအတွက် လူမှောင်ခိုကူးသူများသည် အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်လာခဲ့ကြသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင် လက်ရှိပြဋ္ဌာန်းအသုံးပြုလျက်ရှိသည့် ရာဇသတ်ကြီးဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေများကို အမှီပြု၍သာ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ခဲ့ရသဖြင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့် လူမှောင်ခိုကူးသူများအား တားဆီးနှိမ်နင်းနိုင်ရေးအတွက် လက်ရှိအရေးယူဆောင်ရွက်နေသည့် ဥပဒေများထက် ပိုမိုထိရောက်စွာ အရေးယူနိုင်ရန်အတွက် လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ(မူကြမ်း)အား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကြံပြုချက်များနှင့် အညီရေးဆွဲပြီး ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

လူကုန်ကူးခံရသူများအား ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအပါအဝင် လူသားအချင်းချင်းစာနာသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းတို့ ဘဝရပ်တည်နိုင်ရေးအတွက် နောက်ဆက်တွဲစောင့်ရှောက်မှုအနေဖြင့် ကူညီထောက်ပံ့မှုများကို သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများက ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ထိရောက်စွာ အသုံးချနိုင်ရေး အထောက်အကူပြုမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၂၀၂၅ ခုနှစ်မှစ၍ ယနေ့အချိန်ထိဖြစ်ပွားခဲ့သော လူကုန်ကူးမှုဖြစ်စဉ်များသည် ယခင်နှစ်များနှင့်မတူဘဲ ပိုမိုဆန်းသစ်သော ခေါင်းပုံဖြတ်မှုများကို တွေ့ရှိလာရသည့်အတွက် ပြောင်းလဲလာသော အခြေအနေများအပေါ်မူတည်ပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက ၂၀၂၆ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြပြီး အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ဖြည့်စွက်သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

( ဋ ) သတင်းပို့အဖွဲ့အစည်းတွင် တည်ဆဲဥပဒေများအရ ယင်းတို့နှင့် ကိုက်ညီသင့်လျော်မှုရှိသော သတ်မှတ်ပြဋ္ဌာန်းချက်များမရှိပါက အဆိုပါအဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်း သတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

( ဌ ) သတင်းပို့အဖွဲ့အစည်း၏လုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ဍ ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

( ဎ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေးအတွက် အဖွဲ့လိုက်အကောင်အထည်ဖော်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုအနေဖြင့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရုံးချုပ်၊ ရုံးခွဲများ၊ ပိုင်ဆိုင်မှုအများစုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုပြုရမည်။

၄၄။ ကြီးကြပ်ရေးအာဏာပိုင်သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

( ခ ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

( ဂ ) ဖော်ထုတ်သိရှိသည့်ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) ချိုးဖောက်မှုအတိုင်းအတာအရ ဒဏ်ကြေးအနည်းဆုံး ကျပ်တစ်သန်းမှ အများဆုံး ကျပ်သန်း တစ်ရာအထိချမှတ်ခြင်း၊

( င ) ကာလသတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့်၊ ရုပ်သိမ်းသည့်အမိန့် သို့မဟုတ် ပယ်ဖျက်သည့် အမိန့်ချမှတ်နိုင်သည့်အပြင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အမိန့်ချမှတ်ခြင်း။

၄၅။ ကြီးကြပ်ရေးအာဏာပိုင်သည် သတင်းပို့အဖွဲ့အစည်း၏ ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် အတိုင်းအတာအပေါ်မူတည်၍ အချိုးညီထိရောက်ဟန့်တားမှုရှိစေရန် ရာဇဝတ်ကြောင်းအရဖြစ်စေ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၄၆။ ကြီးကြပ်ရေးအာဏာပိုင်သည် ပုဒ်မ ၄၄ အရ အရေးယူဆောင်ရွက်မှုကို ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း ( ၁၁ )
## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၄၇။ အကောက်ခွန်ဦးစီးဌာနသည် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း တရားဝင်ကြေညာရမည့် တန်ဖိုးပမာဏကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၄၈။ သတ်မှတ်ထားသောတန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ကျော်လွန်သည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့်နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၉။ အကောက်ခွန်ဦးစီးဌာနသည်–

(က) ပုဒ်မ ၄၈ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို သိမ်းဆည်းရမည်။

( ခ ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများနှင့်ဆက်နွှယ်ပတ်သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင် ဤဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

၅၀။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်–

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှု နည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ်ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

( ခ ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များထံမှ အဆိုပါငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ ပိုင်ဆိုင်မှုမူလဇာစ်မြစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များ၊ ထပ်မံလိုအပ်သော သတင်းအချက်အလက်များကို တောင်းခံခြင်း၊ ရယူခြင်းနှင့် ယင်းတို့ကို အသုံးပြုမည့် ရည်ရွယ်ချက်များကို မေးမြန်းခြင်း။

၅၁။ အကောက်ခွန်ဦးစီးဌာနသည် ဤဥပဒေပြဋ္ဌာန်းချက်များအရ ရရှိသည့်သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမည်။ ထို့အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် သတင်းဖလှယ်နိုင်သည်။

၅၂။ အကောက်ခွန်ဦးစီးဌာနသည် ထုတ်ဖော်ကြေညာချက်မှတ်တမ်း၊ ယင်းနှင့်သက်ဆိုင်သော စစ်ဆေးခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာမှတ်တမ်းများနှင့် အခြားဆက်စပ်ဆောင်ရွက်ချက် မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်အထိ ပြည့်စုံစွာထိန်းသိမ်းထားရှိရမည်။ သက်ဆိုင်ရာ အာဏာပိုင်များမှ တောင်းခံပါက အဆိုပါမှတ်တမ်းများကို ပေးအပ်ရမည်။

## အခန်း ( ၁၂ )
## တားမြစ်ချက်များ

၅၃။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သဏ္ဌာန်ဆောင်ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

( ခ ) မည်သည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမျှ သဏ္ဌာန်ဆောင်ဘဏ် သို့မဟုတ် သဏ္ဌာန်ဆောင်ဘဏ်အား ဝန်ဆောင်မှုပေးသည့် ဘဏ်၊ မိမိ၏ငွေစာရင်းများကို သဏ္ဌာန်ဆောင်ဘဏ်အား အသုံးပြုရန် ခွင့်ပြုထားသည့် အဆက်အသွယ်ဘဏ် သို့မဟုတ် အခြားငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

၅၄။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ ပုဒ်မ ၃၈၊ ၃၉၊ ၄၀ တို့အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွှယ်သည့် သတင်းအချက်အလက်နှင့်ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှ တစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်းမပြုရ။

**ခြွင်းချက်။** သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်အရ ထုတ်ဖော်ပြောကြားချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၅။ ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှအပ မည်သူမျှသံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်တစ်ရပ်ကိုပြုစုခဲ့သည့် သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်ကို ဖော်ထုတ်နိုင်သော သို့မဟုတ် ဖော်ထုတ်နိုင်ဖွယ်ရှိသော မည်သည့်သတင်းအချက်အလက်ကိုမဆို ထုတ်ဖော်ပြောကြားခြင်းမပြုရ။

၅၆။ မည်သူမျှ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် သို့မဟုတ် အဆိုပါသတင်းပို့ချက်တွင်ပါဝင်သည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို တရားရုံးက ထုတ်ဖော်ပြောကြားရန် သီးခြားခွင့်ပြုချက်မရှိလျှင် ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၅၇။ ကြီးကြပ်ရေးအာဏာပိုင်ထံမှ ခွင့်ပြုထုတ်ပေးသည့် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်၍ ဆောင်ရွက်သည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုလုပ်ကိုင်သည့် မည်သည့်လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမျှ ကြီးကြပ်ရေးအာဏာပိုင်ထံ ကြိုတင်တင်ပြခြင်းမရှိဘဲ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ပါ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

## အခန်း ( ၁၃ )
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၈။ မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်းငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သန်းနှစ်ရာမှ အများဆုံး ကျပ်သန်းငါးရာအထိ ငွေဒဏ်ဖြစ်စေချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်းတစ်ရာမှ အများဆုံး ကျပ်သန်းသုံးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၉။ (က) ငွေကြေးခဝါချမှုကို အားပေးကူညီသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ငွေကြေးခဝါချမှုအတွက် သတ်မှတ်ထားသောပြစ်ဒဏ်အတိုင်း ကျခံစေရမည်။

( ခ ) ငွေကြေးခဝါချမှုကို ကျူးလွန်ရန်အားထုတ်ရာတွင် ငွေကြေးခဝါချမှုကျူးလွန်ခြင်းကို ရှေးရှုသော ပြုလုပ်မှုတစ်ခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေကြေးခဝါချမှု အတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ်ကာလ အပိုင်းအခြား၏ ထက်ဝက်အထိ ဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၀။ ဘဏ်မှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀၊ သို့မဟုတ် ပုဒ်မ ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ဘဏ်အား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀ သို့မဟုတ် ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ **ဆက်လက်ဖော်ပြပါမည်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ သုခလမ်း၊ မြေကွက်အမှတ် (၃၀၇)ဟုခေါ်တွင်သော ပ-အရာခံဗိုလ်အောင်စိုး (ကပ-၃၆၈၈၆၈) [၁၂/မဂဒ(နိုင်) ၀၁၅၅၃၈] အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၃၀၈)နှင့်ကပ်လျက် အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်(မူရင်းခြမ်း)မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မေသူဇော် [၁၂/ရကန(နိုင်)၀၆၃၃၃၁]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းစံပယ်လှိုင် [၁၂/မရက(နိုင်)၁၃၃၉၉၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝတ်ရည်ဖြူ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၉၉)**

**အမှတ်- ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၂၄၇၉၉၆၅**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )

## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၉ နှင့် ဆက်နွှယ်သည့်

## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၄၆

ဦးချစ်မောင်မောင် နှင့် ဦးခင်မောင်သန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆) ရပ်ကွက်၊ မောင်းမကန်ကျောကပ်လမ်း၊ (၁၆-ဘီ)၊ အမှတ် (၁၀၁/ခ)နေ ဦးခင်မောင်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက် ( ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဉာဏ်လူလင်း )**

**ဒုတိယခရိုင်တရားသူကြီး( ၄ )**

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ အိုင်၊ မြေကွက်အမှတ်-၄၃၈ စီ/၄ ဘီ ၆၊ ဧရိယာ- ၀.၁၈၆ ဧက၊ မြေကွက်တည်နေရာ- အမှတ်(၂၂/ဘီ)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမျိုးညွှန့်(ခ)မိုက်ကယ်ညွှန့် [၁၂/ဗဟန(နိုင်)၀၈၈၅၄၂]၊ ဒေါ်နန်းထွေးခမ်းညွှန့်[၁၃/တကန(နိုင်)၁၅၅၉၉၀] အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်- ၄၁၉၀/၂၀၁၅(၁-၇-၂၀၁၅)ဖြင့် ဦးဇော်ဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဇော်ဝင်းသည် (၆-၁၁-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ပထမဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီ (AISHA BI BI) [၁၂/ပဘတ(ပြု)၀၀၀၅၁၃] နှင့် သားသမီးများဖြစ်ကြသော မဆုဝင့်ဇော် [၁၂/မဂတ(ပြု)၀၀၁၇၇၃]၊ မနဒီဇော်[၁၂/မဂတ(ပြု)၀၀၁၇၀၆]၊ မသက်ဝတီဇော် [၁၂/မဂတ(ပြု)၀၀၁၇၀၅]၊ မောင်ကောင်းဟိန်းထက် [၁၂/မဂတ(နိုင်)၁၂၃၄၉၆] တို့မှလည်းကောင်း၊ ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်း [၁၂/ပဇတ(နိုင်) ၀၂၉၅၂၇]နှင့် သားများဖြစ်ကြသော မောင်သန်းထိုက်ဝင်း၊ မောင်ခန့်ကျော်ဝင်း(ခ)မိုဟာမက်ဖာဟာမ်း [၁၂/မဂတ(နိုင်)၁၂၇၁၇၇]၊ RAIHAN (ခ)ဟန်ထက်ဇော်[၁၂/မဂတ(နိုင်)၁၂၇၅၁၉]တို့အား မွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ သားအကြီးဆုံးဖြစ်သူ မောင်သန်းထိုက်ဝင်းသည် (၂၇-၂-၂၀၁၇) ရက်နေ့တွင် အိမ်ထောင်မရှိလူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်းနှင့် ကျန်သားများဖြစ်သော မောင်ခန့်ကျော်ဝင်း (ခ)မိုဟာမက်ဖာဟာမ်း၊ RAIHAN(ခ)ဟန်ထက်ဇော် တို့မှ လည်းကောင်း အစ္စလာမ်ဓလေ့ထုံးတမ်းအမွေဆက်ခံခြင်းအရ ပိုင်ဆိုင်ခွင့်ရှိကြပြီး၊ ပထမဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီ(AISHA BI BI)၊ သားသမီးများဖြစ်သော မဆုဝင့်ဇော်၊ မနဒီဇော်၊ မသက်ဝတီဇော်၊ မောင်ကောင်းဟိန်းထက်တို့နှင့် ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်း၊ သားများဖြစ်သော မောင်ခန့်ကျော်ဝင်း (ခ)မိုဟာမက်ဖာဟာမ်း၊ RAIHAN (ခ)ဟန်ထက်ဇော်တို့ပူးတွဲ၍ တရားဝင် ဇနီး(၂)ဦးနှင့် သားသမီး အရင်း(၆)ဦးတို့ဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ ၎င်းတို့(၈)ဦးတည်းကသာလျှင် အစ္စလာမ်ဓလေ့ထုံးတမ်း အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ ၎င်းတို့၏ပိုင်ဆိုင်ခွင့်အစုအသီးသီးအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံး မှတ်ပုံတင်အမှတ်- ၁၄၈၃၃/၂၀၂၅ (၂၇-၁၁-၂၀၂၅)ရက်နေ့ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ အမည်ပေါက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်- ၂၇၄၂/၂၀၀၀(၁-၁၁-၂၀၀၀)၊ မြေကွက် အပြီးအပိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်- ၄၁၉၀/၂၀၁၅ (၁-၇-၂၀၁၅)၊ ဦးဇော်ဝင်းနှင့် ဦးသန်းထိုက်ဝင်းတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ဆည်မြောင်းရတနာပုံ(၅)လမ်း၊ ခြံအမှတ်(၈)၊ အမှတ် ( ၃၇၉/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဦးတင်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးမျိုးညွှန့်[၁၂/သကတ(နိုင်)၀၄၉၀၀၀]ကိုင်ဆောင်သူက အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းရှင်းသည်ဟု ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စောနန်းပွင့်ဖြူ [၁၂/သကတ(နိုင်)၂၀၂၁၉၂]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောနန်းပွင့်ဖြူ ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုလှိုင် (LL.B,LL.M)** | **ဒေါ်ဝင်းမြမြထွေး (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၉၀၉/၂၀၁၇)** | **(စဉ်-၁၀၅၉၇/၃၀-၄-၂၀၁၅)** |

**အမှတ်-၃၃/၄၉၊ ပ-ထပ်၊ အခန်း (၃) ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၁၅၈၇၁၅၆၊ ၀၉-၂၅၄၀၆၀၁၅၀**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မောင်ဝေဖြိုးကို [၁၄/ညတန(နိုင်)၁၆၁၀၃၉] နှင့် မပပဝင်း [၁၂/ထတပ(နိုင်)၁၅၂၃၀၄] တို့သည် ၁၉-၁၂-၂၀၂၃ ရက်နေ့ (ရုံးမှတ်တမ်းအမှတ် ၆၀/၂၀၂၃) မအူပင်မြို့နယ် တရားရုံးတွင် အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ မပပဝင်းသည် ကျွန်ုပ်၏ မိတ်ဆွေ မောင်ဝေဖြိုးကို၏ တရားဝင်ဇနီး ဖြစ်ပြီး၊ ကျွန်ုပ်၏မိတ်ဆွေသည် လည်း ဇနီးအပေါ်တွင် လင်ဝတ္တရားများကို ယနေ့အထိ ကျေပွန်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဝေဖြိုးကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်ဝါထွန်း LL.B, DBL(UK)**

**အထက်တန်းရှေ့နေ (စဉ်- ၅၆၅၅၈)**

**အမှတ်- ၅၈၊ (၃) လမ်း၊ ပျဉ်းမပင်ရပ်ကွက်၊ မင်္ဂလာဒုံ။ ၀၉-၆၉၆၇၄၁၈၂၊ ၀၉-၆၈၅၀၁၈၄၇၅**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မောင်သီဟန်အောင်[၉/ခအဇ(နိုင်) ၀၁၈၄၂၁] နှင့် မသင်းဖြူစင်ထွန်း [၉/အမဇ(နိုင်)၀၃၀၀၈၉] တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် (၂၀၂၃)ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၆-၃-၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါ၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး လူမှုရေးကိစ္စအသီးသီးတွင်သော်လည်းကောင်း၊ ငွေကြေးကိစ္စအသီးသီးတွင်သော်လည်းကောင်း မည်သည့်ကိစ္စရပ်တွင်မဆို လုံးဝပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်ကြည်ဝင်း**

**အထက်တန်းရှေ့နေ (စဉ်- ၅၅၉၄၈)**

**အမှတ်(၂/၆(က-၁))၊ မြတ်လေးလမ်း၊ အပိုင်(၁)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ -၂၅၀၃၇၅၃၉၉**

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာချက်

ဦးသိန်းထွေး [၁၂/ရကန(နိုင်)၀၃၀၈၈၀] အမည်ပေါက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၁၉)ရှိ မြေအကျယ်အဝန်း (အလျား၄၀ ပေ x အနံ ၆၀ပေ)အနက်မှ (အလျား ၁၀ပေ x အနံ ၆၀ပေ) ခေါင်းရင်းခြမ်း(ဒု) မြေကွက်အား တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးသိန်း [၁၂/ဥကမ (နိုင်)၀၀၉၅၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းထွေး [၁၂/ဒဂမ(နိုင်)၀၁၈၉၁၂]မှ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေအချို့ ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်လင်း (LL.B) အထက်တန်းရှေ့နေ (စဉ်- ၂၇၈၃၅)**

**ဖုန်း- ၀၉-၄၂၁၁၅၁၆၀၉**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၆၃)၊ ဒ/၁၇ ရပ်ကွက်၊ အပိုင်း(၁)၊ စေတနာ (၂)လမ်း၊ မြေကွက်အမှတ်(၈၆-ခ)၊ အကျယ်ပေ (၂၀x၆၀)၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ ဒေါ်ငွေငွေရီ (အမည်ပေါက်) မြေချပါမစ်ထွက်ရှိထားပြီး ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ပန်းမြတ်မွန် [၇/ ညလပ(နိုင်)၁၄၄၄၅၈]မှ အထက်ပါမြေကွက်အား ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပြုံးပြုံးဆန်း [၇/ဇကန (နိုင်)၀၃၄၂၄၁]ထံ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းမြေကွက်အား ဝယ်ယူလိုသဖြင့် စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ကြေးမုံသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ရှေ့နေထံသို့၍ လာရောက်ကန့်ကွက်လို့ရပါကြောင်း၊ ထိုသို့ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြုံးပြုံးဆန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သိမ့်သိမ့်အေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၈၆) (၂၇-၁-၂၀၂၁)**

**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၅၇၂၅၁၀၉**

## အမည်ပြောင်း

Heroes International School Year-3 မှ (ဘ) ဦးစိုင်းဆွန်(ပ်)ဖွဲ့ [၉/မဟမ(နိုင်)၀၁၀၇၇၃]၏ သမီးဖြစ်သူ မမေယမုံဇင် အား ယနေ့မှစ၍ မရွှေယွန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေယွန်းပြည့်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄) ရပ်ကွက်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ တိုက်(Lot-1)၊ အခန်း(3A)၏ အမည်ပေါက် ဒေါ်လှယဉ်ဇ [၁၂/မဂတ(နိုင်)၀၀၂၄၅၆] ထံမှ ဒေါ်လှိုင်သက်နွယ်ချော [၁၄/ပသန(နိုင်)၀၀၂၉၆၃] က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ်-၆၈၇၊ အကျယ်အဝန်း (၄၁ပေ x ၆၀ပေ)ရှိ မြေကွက်သည် **နော်စိုးစိုးဟန် [၁၂/လကန(နိုင်)၀၄၉၃၇၆]** အမည်ပေါက် ပြောင်းလဲလျှောက်ထားဆဲဖြစ်သော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦ(၂)ခု အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို **နော်စိုးစိုးဟန်** ကိုယ်တိုင်မှ ခင်ပွန်းဖြစ်သူ ဦးစောစေးထူး ကွယ်လွန်ပြီးဖြစ်၍ ၎င်းတစ်ဦးတည်းသာ **အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၁၇၄၉/၂၀၂၅** ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသဖြင့် **ဒေါ်သန်းသန်းဆင့် [၁၀/သဖရ(နိုင်)၀၃၉၀၆၅]**မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**

**အမှတ်-၉၃၀၊ ဦးကြင်ဥ(၂)လမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်(၃၇/က)၊ မြေကွက်အကျယ်(၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း (S/OKA-၀၆၀၁၃၀) [၁၂/ဥကတ(နိုင်)၀၈၄၇၇၀] အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် အဆောက်အဦတို့ကို လက်ရှိဖြစ်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ဒေါ်ခင်ဝင်း (S/OKA-၀၆၀၁၃၀) [၁၂/ဥကတ(နိုင်)၀၈၄၇၇၀]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တင်မြတ်နွယ် [၁၂/ကမရ(နိုင်)၀၃၀၇၈၄] မှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့် အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် ( LL.B)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **၀၉-၄၃၀၃၂၁၈၁** | **၀၉-၄၂၁၀၈၆၁၆၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ အမှတ်(၂)ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းခွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(ခြေရင်းခန်း)၊ အလျား(၁၂ပေခွဲ)xအနံ(၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်ထားလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်းနှင့် သားသမီးအားလုံးမှလည်း ရောင်းချမှုအား သဘောတူကြည်ဖြူပါကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်တင်ရွှေ [၁၂/မဂတ(နိုင်)၀၄၈၆၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမျိုးကြည် [၅/ခတန(နိုင်)၀၁၀၇၅၁] သည် အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L) အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**

**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၆)၊ သပြေညိုလမ်း၊ မြေကွက်အမှတ် ( ၁၂၂၀/က) ၊ (၁၀၆) ရပ်ကွက် (အလျား ၂၀ x အနံ ၆၀ ) ပေ ( ၁၂၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ စလစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် အမည်ပေါက် ဦးခင်လှိုင် ( TTE -၁၀၆၂၇၂ ) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူဖြစ်သော ဦးဇော်မင်းထွန်း [၅/တဆန(နိုင်)၀၉၈၁၄၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇာနည်ဝင်း [၁၂/သဃက(နိုင်)၁၆၆၁၃၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ( ၆-၃-၂၀၂၆ )ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )**

**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် (၁၂) လမ်း၊ အမှတ်- ၈၁၁ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၊ မြေကွက်အမှတ်-၈၁၁၊ ဧရိယာ (၂၄၀၀ စတုရန်းပေ) အကျယ်ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူ ဒေါ်ဖြူကြည်အေး [၁၂/ဥကတ(နိုင်)၁၃၂၉၉၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်စောဦး**

**တရားလွှတ်တော်ရှေ့နေ(စဉ်- ၆၇၀၂)**

**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်- 106 မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၃ ရပ်ကွက် (သုဝဏ္ဏ)၊ ယင်းမာမြိုင်လမ်း၊ အမှတ်- ၃၄၉ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃/သုဝဏ္ဏ၊ မြေကွက်အမှတ်-၃၄၉၊ ဧရိယာ (၀.၁၁၀၆)ဧကအကျယ်ရှိ ဒေါ်မေလွင်ညွှန့် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဝင်းမောင်ထွဋ် [၁၂/ရကန(နိုင်)၀၀၃၇၂၄] နှင့် ဒေါ်ဝါလှိုင်စိုး [၁၂/ပဇတ(နိုင်)၀၀၁၉၂၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီရိဇော် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၀၁၈)**

**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်-106 မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဓမ္မသုခမဟာစည် သင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း **ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာတွင် သင်္ကြန်(၇)ရက် တရားစခန်းပွဲကို (11-4-2026 )ရက်နေ့မှ (17-4-2026) ရက်နေ့အထိ** ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ **ဖုန်း- ၀၉-၄၄၅၀၀၅၁၅၉၉၊ ၀၉-၇၈၀၀၀၃၄၅၆** သို့ စာရင်းပေးသွင်းနိုင်ပါသည်။ **10-4-2026 ရက် ညနေ အရောက်လာရပါမည်၊ (၇)ရက်ပြည့် အားထုတ်နိုင်သူဖြစ်ရပါမည်။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ စမ်းရွာကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၈၈)၊ ကွင်းအမည်(ညောင်ခြေထောက်ကွင်း)၊ ဦးပိုင်အမှတ်(၄၆/၂၄၇)၊ ဧရိယာ (၁.၁၄)ဧကရှိဒေါ်လှလှဝင်း အမည်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၀-၉-၂၀၂၄)ရက်စွဲပါ စာအမှတ်၊ ၄/၇-၁၀၃(၀၂၄)အစိုးရ (ဧရာဝတီ)အရ လယ်မြေအခြားနည်းအသုံးပြုခွင့်ပုံစံ- ၁၅(က)ရရှိထားသည့် မြေကွက်အား မြန်အောင်မြို့နယ်၊ စမ်းရွာကြီးကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာနေ ဦးဝင်းနိုင်မှ လယ်မြေအခြားနည်းအသုံးပြုခွင့် ပုံစံ-၁၅(က)မိတ္တူ၊ စာချုပ်စာတမ်းမှတ်ပုံတင်မှုရင်း/မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများနှင့်အတူ ဆန်စက်အသုံးပြုရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဤဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ကညင်ငူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၂၃) (ကာစစ်ကွင်း)၊ ဦးပိုင်အမှတ်(၁၁၃)၊ ဧရိယာ (၀.၈၇)ဧကရှိ ဒေါ်စန်းစန်းကြည်အမည်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၁-၁၁-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၅၀၀/၅-၂၅ (၀၉၁)/အစိုးရ(ဧရာဝတီ)အရ လယ်မြေအခြားနည်းအသုံးပြုခွင့် ပုံစံ- ၁၅(က)ရရှိထားသည့်မြေကွက်အား မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာနေ ဦးသန်းထိုက်ဦးမှ လယ်မြေအခြားနည်းအသုံးပြုခွင့်ပုံစံ-၁၅(က)မိတ္တူ၊ စာချုပ်စာတမ်းမှတ်ပုံတင်မှုရင်း/ မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများနှင့်အတူ ကွန်ကရစ်ကျောက်တိုင်စက်ရုံ အသုံးပြုရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဤဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ်(၈/ခ)၊ အကျယ်အဝန်း (၂၅x၃၅)ပေ မြေကွက် နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် အဆောက်အဦတို့နှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်ခင်စန်းဝင်း [၁၂/ကမရ(နိုင်)၀၂၆၁၅၂]၊ ဦးသန်းဆွေ [၁၂/ကမရ(နိုင်)၀၀၆၈၆၄]၊ ဦးသန်းထွန်း [၁၂/ကမရ(နိုင်)၀၂၇၀၁၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သိန်းမြင့် [၁၄/ဂမန(နိုင်)၀၀၂၉၅၆]၊ ဦးဇော်လင်းအောင် [၉/ပဘန(နိုင်)၀၀၁၄၄၃]တို့က အပြီးအပိုင်ဝယ်ယူရန် (၁၀-၃-၂၀၂၆)ရက်နေ့တွင် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အဦတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ထွန်း (LL.B, D.B.L, D.I.L)**
**WIPO-General Course On Intellectual Property (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၆၀၇)**
**အမှတ်(၄၇/၅၅)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၄၃၁၄၈၁၉၀**

## လင်မယားအဖြစ် တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံ(မြောက်/အနောက်)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် (၄၆/အေ)နေ ဒေါ်ခိုင်ရည်မွန်မြင့် (၁၂/ဗဟန (နိုင်) ၀၈၃၃၃၉၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ရည်မွန်မြင့်သည် ဦးမြတ်ညီညီ (၁၂/စခန (နိုင်)၀၄၉၀၁၁)နှင့် ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ (၁၂-၁၀-၂၀၀၆)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းလာခဲ့ကြရာ သမီး(၃)ဦး ထွန်းကားခဲ့ပြီးနောက် ဦးမြတ်ညီညီသည် ကျွန်ုပ်၏ မိတ်ဆွေအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် ပြုမူဆောင်ရွက်ခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စမ်းချောင်းမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် - ၆၂၈/၂၀၂၀ ဖြင့် တရားစွဲဆိုခဲ့ရာ အရေးယူအပြစ်ပေးခံခဲ့ရပြီး ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းအား လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို စမ်းချောင်းမြို့နယ်တရားရုံးတော်၌ပင် တရားမကြီးမှုအမှတ် (၈/၂၀၂၅) ဖြင့် ထပ်မံတရားစွဲဆိုခဲ့ရာ စမ်းချောင်းမြို့နယ်တရားရုံးတော်မှ (၁၉-၁-၂၀၂၆) ရက်နေ့တွင် ဒေါ်ခိုင်ရည်မွန်မြင့် စွဲဆိုသည့်အတိုင်း လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးခဲ့သဖြင့် ယခု အချိန်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ရည်မွန်မြင့်သည် ဦးမြတ်ညီညီနှင့် လင်ခန်းမယားပြတ်စဲပြီးဖြစ်၍ မည်သို့မျှ သက်ဆိုင်ပတ်သက်မှုမရှိတော့ပါကြောင်းနှင့် ဦးမြတ်ညီညီနှင့် ပတ်သက်သည့်ကိစ္စအဝဝကိုလည်း ဒေါ်ခိုင်ရည်မွန်မြင့်မှ လုံးဝတာဝန်မယူပါကြောင်း၊ သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**ဒေါ်ယုယုခမော် C.B.L, LL.B**
**(စဉ်-၁၀၃၈၀/၂၀၁၅)**
**တရားလွှတ်တော်ရှေ့နေ**
အိမ်-အမှတ်-၃၃၅ ကျိုက္ကဆံလမ်း တာမွေကြီး(က+ဂ)ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉- ၇၉၈၄၅၈၄၀၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄/၁၊ မြေကွက်အမှတ်- ၁၃၀/၁၊ ဧရိယာ- ၀.၀၄၇ ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၃၀/၁၊ မြင်သာ(၄)လမ်း၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစိုးသန်း [၁၂/မဂဒ (နိုင်) ၀၁၇၂၇၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစိုးသန်း မြေကွက်အား ဦးစိုးသန်း(ခင်ပွန်း) ကွယ်လွန်ခဲ့သဖြင့် ဒေါ်ချိုချိုလွင် [၁၂/မဂဒ(နိုင်) ၀၁၇၂၇၈]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၄၆၅/၂၀၂၆ (၂၇-၁-၂၀၂၆)၊ ကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (က.စ)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ်(၂၈၀/ခ)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ အောင်သပြေအရှေ့(၂)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်ထူး (TKA-၀၀၄၈၂၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ထူး(ဖခင်) နှင့် ဒေါ်တင်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်နန်းသူဇာမိုး [၁၂/သကတ(နိုင်)၁၄၆၈၈၅]၊ ဦးအောင်ကျော်မိုး [၁၂/သကတ(နိုင်)၁၄၆၈၈၃]၊ ဒေါ်ရတနာမိုး [၁၂/သကတ(နိုင်)၁၄၆၈၈၂]၊ ဒေါ်အိန္ဒြာမိုး [၁၂/သကတ(နိုင်) ၁၆၃၉၆၆]၊ ဦးဇေယျာမိုး [၁၂/သကတ(နိုင်)၁၆၃၉၆၂]တို့မှ မိမိတို့မှသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးကျော်ထူး၊ ဒေါ်တင်ကြည်တို့၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇ နှင့်ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

| ဦးဝင်းမောင် | နှင့် | ဒေါ်ငွေးငွေး(ခ)Samatha Shu-War Chan |
|---|---|---|
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာမြေညီထပ် အမှတ်(M-15)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံးဖြစ်သူ ဒေါ်ငွေးငွေး(ခ) Samatha Shu-War Chan သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ် ဧပြီလ (၃)ရက် (၁၃၈၇-၈၈ ခုနှစ် နှောင်းတန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၁၃)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဆုမြတ်သဇင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်- ၂၈၂၊ ဧရိယာ (၀.၀၂၈) ဧက၊မြေကွက်တည်နေရာအမှတ်- ၂၈၂၊ ၄ လမ်း၊ ယမုံနာ-၂ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစိုးမြင့်(ခ)စီဝါဂျီ [၁၂/ဗတထ (နိုင်) ၀၃၁၁၁၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစိုးမြင့်(ခ)စီဝါဂျီ အပေါ် တရားပြိုင်ထားကာ ၁။ ဦးတင်ထွန်း၊ ၂။ ဦးမောင်မောင်ကြီးတို့မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈ ဖြင့် အထက်ဖော်ပြပါ (အလျား ၂၅ပေx အနံ ၅၀ပေ)ရှိမြေကွက်၏ တစ်ဝက်တိတိ (ခေါင်းရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအား ၁။ တရားလို ဦးတင်ထွန်းမှလည်းကောင်း၊ မြေကွက်၏ တစ်ဝက်တိတိ (ခြေရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအား ၂။ တရားလို ဦးမောင်မောင်ကြီးမှလည်းကောင်း၊ ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၉-၁၀-၂၀၂၄) ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်-၅၁/၂၀၂၄၏ (၂၇-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၁၆-၁၀-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄၀၃(က)/၁၃-၁/၂၀၂၅ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်(၆၆၈)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ အနက်မှ တရားဝင်မခွဲစိပ်ရသေးသော မြေကွက်အမှတ်(၆၆၉)နှင့်ကပ်လျက်ဘက်အခြမ်း မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးသန်းမောင်(၁၃/နစန (နိုင်)၀၃၅၇၁၃)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်အေးနည်းမွန်(၁၂/ဒဂရ (နိုင်)၀၀၈၉၄၅)သည် (၇-၁၀-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| ဒေါ်စုမြတ်မောင် (LL.B) | ဒေါ်ကေကေနိုင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |
| ဦးတိုးဝေနိုင် (LL.B) | ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ ဂရုဏာ(၃)လမ်း၊ မြေကွက်အမှတ်(၂၇၀)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)အနက်မှ (အလျား ၂၀ပေx အနံ ၆၀ပေ) ဦးတင်မောင် အမည်ပေါက် မြေချပါမစ်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်နေအိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်သောင်းကြည် [၁၂/ပဇတ(နိုင်) ၀၁၈၆၈၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးမောင် [၁၂/မဂတ(နိုင်) ၀၈၉၃၂၄]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးပြည့်ဖြိုးမောင်၏ လွှဲအပ်ချက်အရ-**

| ဒေါ်အေးမြသီတာ LL.B | ဒေါ်အေးသဉ္ဇာမင်းအောင် LL.B, D.B.L |
|---|---|
| (စဉ်- ၁၁၉၀၁) | (စဉ်- ၁၁၉၀၄) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 9-K၊ မြေကွက်အမှတ်- ၄၆၊ ဧရိယာ (၀. ၀၃၁)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်- ၃၇၄ ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RIVER VIEW HOTEL(YANGON) ၏ ဟိုတယ်လုပ်ငန်းလိုင်စင်အား ဦးကြည်ဝင်း(တီဗွီဝိုင်-၀၁၅၁၂၀) ကိုင်ဆောင်သူ (ဖခင်)အမည်မှ သားဖြစ်သူ ဦးသန်းဇော်ဝင်း [၁၂/ဗတထ(နိုင်)၀၀၁၉၇၁] ကိုင်ဆောင်သူအမည်သို့ ဟိုတယ်လုပ်ငန်းလိုင်စင် အမည်ပြောင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့၏ကိုယ်စားလှယ်လွှဲစာရရှိသူများမှသော်လည်းကောင်း၊ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဟိုတယ်လုပ်ငန်းလိုင်စင်အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ဝင်းယုနေလှိုင် (LL.B) | ဒေါ်သိမ့်သိမ့်စိုးဟန် (LL.B, DBL) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၃၄၀) | တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၆၉၈) |

**အမှတ်- ၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၀၄)B၊ အခန်းအမှတ် (၃၀၂)၊ (၄)လွှာ၊ ခေါင်းရင်းခန်း တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော ဒေါ်မော်မော်ငွေး [၈/ပခက(နိုင်)၁၄၉၈၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးငြိမ်းဦး [၁၂/ဒဂရ(နိုင်)၀၁၇၂၂၁]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းမူရင်းများယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးငြိမ်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၁၆၇၈၂၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၁၂)၊ ဧရိယာအကျယ်အဝန်း (၂၀ပေx ၄၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက် အကျယ်အဝန်း (၁၀ပေx ၄၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် (၄၇)(က)ဟုခေါ်တွင်သော ပျဉ်ထောင်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိမိဆွေ [၁၂/စခန(နိုင်)၀၂၇၁၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်နိုင်ဦး [၁၂/ရကန(နိုင်)၀၆၁၃၅၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်သော ပစ္စည်းရပ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဇင်သင်းအောင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်- ၂၅၇၃၅)**
**အမှတ်(၅၈)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၆၆၃၉၃၀၃၄၀၊ ၀၉-၇၉၆၃၉၇၂၁၂**

❖ သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို မပျက်ယွင်းစေဘဲ သတိရထိန်းသိမ်းလျက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းမှုစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ကြရမည်ဖြစ်ပါသည်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ပြတ်တောက်သွားသော လက်မအား ခြေညှိုးဖြင့် အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသနိုင်ခဲ့

**ရန်ကုန် မတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၃၀၀)ဆံ့ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်တွင် ပြတ်တောက်ထိခိုက်သွားသည့် ဝဲလက်မကို ယာဘက်ခြေညှိုးဖြင့် အောင်မြင်စွာ အစားထိုး ခွဲစိတ်ကုသခြင်းကို ရန်ကုန်အရိုးရောဂါ အထူးကုဆေးရုံမှ ပါမောက္ခ ဒေါက်တာ ကျော်သူထွန်း (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဦးဆောင်သော လက်ပိုင်းဆိုင်ရာ ခွဲစိတ်အဖွဲ့မှ ကျွမ်းကျင်ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ် မတ် ၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။

**ကုသမှုခံယူ**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကံကြီးရွာမှ ဦးသန့်ဇင်ဦး အသက် (၃၃)နှစ်သည် ရိတ်ခြွေစက်ပြင်နေစဉ် မူလီကြိုးဖြင့် ဝဲဘက်လက်မ ထိခိုက်မိသဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြန်အောင်ပြည်သူ့ဆေးရုံ၌ ကနဦးကုသမှုခံယူပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တစ်ဆင့် ရန်ကုန်အရိုးရောဂါ အထူးကုဆေးရုံ လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်သို့ လွှဲပြောင်းခဲ့ပြီး အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ○





ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံတွင် ပါမောက္ခ ဒေါက်တာ ကျော်သူထွန်း (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဦးဆောင်သော လက်ပိုင်းဆိုင်ရာ ခွဲစိတ်အဖွဲ့မှ ကျွမ်းကျင်ဝန်ထမ်းများက ပြတ်တောက်သွားသော လက်မအား ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသစဉ် (ဝဲပုံ)နှင့် ခွဲစိတ်ကုသပြီးသည့်လက်အား တွေ့ရစဉ်။(ယာပုံ)

# အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပွဲ ၁၀၀ မြောက် နိုင်ပွဲအမြန်ဆုံးရယူနိုင်ခဲ့တဲ့ နည်းပြအဖြစ် အူနိုင်းအမ်မရီ ရပ်တည်နိုင်



အက်စ်တွန်ဗီလာအသင်းနှင့် လိုင်လီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အက်စ်တွန်ဗီလာအသင်းဟာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် မတ် ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ လိုင်လီအသင်းကို အနိုင်ရရှိခဲ့ပါတယ်။

လိုင်လီအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက လိုင်လီအသင်းရဲ့ အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နည်းပြ အူနိုင်းအမ်မရီဟာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပွဲ ၁၀၀ မြောက် နိုင်ပွဲအမြန်ဆုံးရယူနိုင်ခဲ့တဲ့ နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖

## ယနေ့ ဖတ်စရာ

လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေရဲ့ နား၊ မျက်စိတွေဖြစ်တဲ့အတွက် အစိုးရအဖွဲ့ဝင်တွေကိုယ်စား ပြည်သူတွေရဲ့ လိုအပ်ချက်၊ လိုလားချက်နဲ့ အခြေအနေအမှန်တွေကို ဝိုင်းဝန်းဖော်ဆောင်ပေးတဲ့ သူတွေလို့ သဘောထားပြီး အတူတူ ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ် စာမျက်နှာ » ၁၂

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေး ကျင်းပ စာမျက်နှာ » ၁၃

မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ



စာမျက်နှာ » ၁၈